
www.dhammadownload.com




# ကိုယ်နဲ့တော်တဲ့ တရားကို ရှာပါ

## ဝိပဿနာအားထုတ်နည်း

၂၁

ဟောကြားသည့်နေ့

(၁၉-၁၀-၆၁)

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၂၂) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။

ဖုန်း - ၅၄၁၈၆၀ ၊ ၇၂၅၁၃၂

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ကိုယ်နှဲ့တော်တဲ့တရားကိုရှာပါ

## ဝိပဿနာအားထုတ်နည်း

ဟောကြားသည့်နေ့
(၁၉-၁၀-၁၉၆၁)

www.dhammadownload.com

စာမူခွင့်ပြုချက် အမှတ် - ၅၇၈/၂၀၀၁ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၄၂/၂၀၀၁ (၉)

အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၃၀၀၀
ခုနှစ် - ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ
တန်ဖိုး - (၅၀ိ/-)

ထုတ်ဝေသူ ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ်' ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားဆုံးမတော်မူသော
တရားတော်

# ကိုယ်နဲ့တော်တဲ့တရားကိုရှာပါ
# ဝိပဿနာအားထုတ်နည်း

ဟောကြားသည့်နေ့ (၁၉-၁၀-၆၁)

ဒကာ ဒကာမတွေ နိဗ္ဗာန်ရောက်ကြောင်းတရားအစစ် ဆိုတဲ့ဥစ္စာ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သူကိုယ်တိုင် သူ ဟာသူ မေးပြီးသကာလ သူ့ဟာသူဖြေတယ်နော် (မှန်လှပါ ဘုရား)။

နိဗ္ဗာန်ရောက်ကြောင်းတရားကို သူတစ်ပါးက မမေးရ ပါဘူး၊ သူ့ဟာသူမေးပြီးသကာလ သူ့ဟာသူ ဖြေတယ်. . . (မှန်ပါ့ဘုရား)။

www.dhammadownload.com

၂ ✻ ကိုယ်နဲ့တော်တဲ့တရားကိုရှာပါ

ဒီလိုဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေက စဉ်းစားခန်း ဝင်ရမယ်၊ ဘယ်လို စဉ်းစားခန်း ဝင်ရမတုံးဆိုတော့ နိဗ္ဗာန် ရောက်ကြောင်းတရား. . . ဘယ်သူဖြေမတုံးဟေ့. . . လို့ ဘုရားက မေးလိုက်လို့ရှိရင်ဖြင့် ဘုရား. . . ဘုရားချင်းမှ ဖြေ နိုင်မှာပေါ့ဗျာ (မှန်ပါ့)။

ဘုရား. . . ဘုရားချင်းမှ ဖြေနိုင်မှာဖြစ်နေတော့ ဘုရား ကလဲ နှစ်ဆူ မပွင့်ကောင်းတော့ သူ့ဟာသူ ဖြေမှပဲ ကိုက်မယ် (မှန်ပါ့ဘုရား)။

## ဘုရားကိုယ်တိုင်မေးပြီးဖြေတယ်

သူ့ဟာသူ ဖြေမှ တော်မယ်ဆိုတဲ့ အဓိပ္ပာယ်က သေသေ ချာချာ သက်ရောက်သွားပြီးတော့၊ သူ့ဟာသူ မေးပြီး သူ့ဟာသူ ဖြေတယ်လို့ဆိုသဖြင့်၊ ဘုရားသည် တို့အများကြီး ယုံကြည်ကိုးစားထိုက်တဲ့ ဘုရားပါကလား၊ ဘုရားကိုယ်တိုင် မေးပြီး သူတစ်ပါးအဖြေရှာစရာ ဖြေနိုင်မည့်ပုဂ္ဂိုလ်မရှိလို့ သူ့ဟာသူ ဖြေပါလားလို့ဆိုတာ မှတ်ထားရမယ်. . . (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်တရားတုံးလို့ မေးတဲ့ အခါကျမှ သံယုတ်ပါဠိတော်လို့ ဆိုသဖြင့် ဩော်. . . ဒါဖြင့် ကိုယ်တော်တိုင်ပြောပြီး သူများမရောတဲ့ တရားပဲဆိုတာ ပါဠိ တော်ဆိုသဖြင့် ဒကာကြွယ် သူများမရောတော့ဘူး. . . (မှန်ပါ့)။

www.dhammadownload.com



အဋ္ဌကထာဆရာတွေ ဘုရားအလိုသိပြီး ပြောတဲ့ဆရာတွေ သူ့အကြိုက်နဲ့သူ လိုက်ပြီးပြောတဲ့ဘေးပုဂ္ဂိုလ်၏ စကား တွေ ဘာတွေ မဟုတ်ဘူးလို့ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့)။

သူ့ဟာသူမေးပြီး သူ့တစ်ပါး ဖြေကြွက်မပေးဘဲနဲ့ ဖြေလို့ရှိရင်လည်း လွဲမှာစိုးတဲ့အတွက် ဖြေကြွက်ပေးဖို့ရာလည်း အကြောင်းမရှိဘူး. . . (မှန်ပါ့)။

## ကိုယ်တော်တိုင်မေးတယ်

အဲဒါကြောင့်. . . သူ့ဟာသူ ဖြေပါတယ်ဆိုတဲ့ စကားကို ဒကာ ဒကာမတွေက လေးစားစွာနဲ့၊ သြော်. . . ဒါကို ကိုယ်တော်ကြီး သူ့ဟာသူ မေးပြီး သူ့ဟာသူ ဖြေတာ၊ နိဗ္ဗာန်ရောက်ကြောင်းတရား ဘယ်တရားပါလိမ့်မတုံးလို့ သူ့ဟာသူ မေးလိုက်တယ်. . . (မှန်ပါ့)။

သူ့ဟာသူပဲ အဖြေထုတ်တာထောက်လိုက်လို့ရှိရင်ဖြင့် မတိမ်းမစောင်းတဲ့သဘောပဲ၊ တို့ ဒီအလုပ်ကို သေသေချာချာ လိုက်မှသာလျှင်၊ တို့ အလိုရှိတဲ့ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို ကေန် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်မယ်ဆိုတဲ့ ဥစ္စာ ဒကာ ဒကာမတွေ လေးစားစွာနဲ့မှတ်ရမယ် (မှန်ပါ့ဘုရား)။

www.dhammadownload.com



## ဘယ်တရားသည် နိဗ္ဗာန်ရောက်ပါလိမ့်

ကဲ. . . ဒါဖြင့် ပြောကြပါစို့ သူ့ဟာသူ မေးလိုက်တယ် "ကတမော စ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ" ဒါ ဘုရားက မေးလိုက်တယ် . . . (မှန်ပါ့)။

ဒကာ ဒကာမတွေက ပါဠိဖြစ်နေတော့ နားမလည် တော့ အဘယ်တရားသည် နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်ပါ သတုံးတဲ့ (မှန်ပါ့)။

"ဘယ်သူက မေးပါလိမ့်. . . (ဘုရားကမေးပါတယ် ဘုရား) "အဘယ်တရားသည် နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်ပါ လိမ့်မလဲ" လို့ သူ့ဟာသူ မေးလိုက်တယ်. . . (မှန်ပါ့)။

## ကိုယ်တော်တိုင်ဖြေတယ်

မေးပြီးသကာလမှ သူ့ဟာသူပဲ ဒကာ ဒကာမတို့ ဖြေ လိုက်တယ်. . . (မှန်ပါ့) ဝိပဿနာ. . . တဲ့၊ သူဖြေလိုက်တယ် (မှန်ပါ့) ဝိပဿနာဆိုတာ ပါဠိစကား. . . (မှန်ပါ့)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အဘယ် တရားသည် နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်ပါလိမ့်မလဲလို့ ဆိုလို့ ရှိရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက အင်း. . . ဘုရားဖြေ သလို ဖြေကြလို့ရှိရင်ဖြင့် ဝိပဿနာပါဘုရားလို့ ဖြေရမယ် (မှန်ပါ့) တခြားဖြေစရာမရှိဘူး. . . (မရှိပါဘုရား)။

www.dhammadownload.com



သေသေချာချာ ဩော်. . . ဒီအရေးဟာ သာမည အရေး မဟုတ်ပါလား. . .၊ ကိုယ်တော်မြတ်ကြီးဟာ စကား နှစ်ခွန်းမပြောဘဲနဲ့ တစ်ခွန်းနဲ့အမှန်ပြောတဲ့ ကိုယ်တော်ကြီး၏ စကားဖြစ်လေသောကြောင့်၊ တို့ ဒီလမ်းကိုဖြင့် သူပြောတဲ့ အတိုင်း လိုက်မှ တော်မယ်ဆိုတာ ဆုံးဖြတ်ချက်ကို အကြီးဆုံး ချရမယ်. . . (မှန်ပါ့ဘုရား) အကြီးဆုံးချပါ ဆိုတာကိုလည်း ဘုန်းကြီးက တိုက်တွန်းစရာမလိုဘူး. . . (မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သူတစ်ပါး အဖြေမပေးနိုင်တာ သိပြီးသားဖြစ်လို့ သူ့ဟာသူ အဖြေပေး လိုက်တာ. . . (မှန်ပါ့)။

## နိဗ္ဗာန်ရောက်ကြောင်းတရားသည်ဝိပဿနာ

မေးပုံက အဘယ်တရားသည် နိဗ္ဗာန်သို့ ရောက် ကြောင်းတရားဖြစ်ပါသလဲလို့ မေးလိုက်တယ် . . . (မှန်ပါ့) ဘုရားက ဘယ့်နှယ်ဖြေပါလိမ့် . . . (ဝိပဿနာဟာ နိဗ္ဗာန် ရောက်ကြောင်းပါဘုရား) ဝိပဿနာလို့ ဖြေလိုက်တယ်. . . (မှန်ပါ့)။

ဩော်. . . ဒါဖြင့်တို့သိပြီ၊ ဘုရားသခင်ကိုယ်တော်မြတ် ကြီး ဖြေတာလည်း တို့ပါးစပ်ထဲရောက်လာပြီ၊ တို့အလုပ် လုပ် ရမှာကဖြင့် ဝိပဿနာအလုပ်ကိုလုပ်ဖို့ပဲ၊ တို့သည်ကားလို့

www.dhammadownload.com



ဆိုလို့ရှိရင်ဖြင့် ဒုက္ခခပ်သိမ်းငြိမ်းတဲ့နိဗ္ဗာန်ကြီးကို အရယူချင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်လေသောကြောင့် တခြားတောင်းစရာ၊ ငဲ့စရာ၊ ရွဲ့စရာ၊ စောင်းစရာမရှိဘဲနဲ့ ဝိပဿနာဆိုတဲ့တရားကိုပဲ ဒကာ ဒကာမတို့ အားထုတ်ရတော့မယ်. . . (မှန်ပါ့)။

အဲဒီတွင်မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက 'အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ' . . . တဲ့ အယံ= ဤဆို အပ်ပြီးသော ငါ့အဖြေကို၊ အသင်္ခတဂါမိမဂ္ဂေါ=နိဗ္ဗာန်သို့ ရောက်ကြောင်းတရားအစစ် ဖြစ်၏ဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏ ဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင်ကလည်း သူ့ဟာသူမေးပြီး သူ့ဟာသူဖြေတယ်တဲ့၊ အဲဒီငါဖြေထားတာ လည်း နိဗ္ဗာန်သို့ရောက်ကြောင်းအစစ်လို့ မင်းတို့ သေသေ ချာချာမှတ်. . . (မှန်လှပါဘုရား)။

## နိဗ္ဗာန်ဆိုတာဘာပါလိမ့်မလဲ

ဒီလိုဆိုတော့ အားလုံး ဒကာ ဒကာမတွေ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ အိုဘေးမရှိတာ၊ နာဘေးမရှိတာ၊ သေဘေးမရှိတာ၊ သောကဆိုတဲ့ စိုးရိမ်မှု မရှိတာ၊ ဒုက္ခဆိုတဲ့ ကိုယ်၏ဆင်းရဲခြင်းမရှိတာ၊ ဒေါမနဿဆို တဲ့ စိတ်၏ဆင်းရဲခြင်းမရှိတာ၊ ဥပါယာသဆိုတဲ့ ပြင်းစွာပူပန် ခြင်းတို့၏ သိမ်းတာ. . . (မှန်ပါ့)။

www.dhammadownload.com



ဩော်. . . နိဗ္ဗာန်ဆိုတာ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ စသည်တို့ သိမ်းတာကို နိဗ္ဗာန်လို့ခေါ်တယ်ဆိုတော့ တို့မှာလည်း ဒါတွေက အပြည့်အနှက်ရှိပြီးသကာလ နေသောကြောင့် ဒါတွေ သိမ်းချင်လို့ရှိရင်ဖြင့် နိဗ္ဗာန်ရောက်ကြောင်းကို တို့ကြိုးစားရမယ်. . . (မှန်လှပါဘုရား) နိဗ္ဗာန်ရောက်ကြောင်း ဘယ် တရားပါလိမ့်. . . (ဝိပဿနာပါဘုရား)။

## ဝိပဿနာသည်သာ နိဗ္ဗာန်ရောက်ကြောင်းတရား

အဲ. . . ဝိပဿနာတရားကို ဘုရားက လွဲသွားမှာ စိုးလို့ ဘိက္ခဝေ = ငါ၏ချစ်သား တပည့်များတို့၊ အယံ = ဤ ငါဆိုပြီးတဲ့ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ အသင်္ခတဂါမိမဂ္ဂေါဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးကို၊ ဝုစ္စတိ = ငါသည် နိဗ္ဗာန်သို့ ရောက်ကြောင်း အစစ်ဖြစ်၏ဟူ၍ ဆိုအပ်၏ (မှန်ပါ)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတွေ ဘယ်လမ်းလိုက်ရတော်မတုံး၊ ဟိုလမ်းလိုက်ရတော်မလား . . . ဒီလမ်းလိုက်ရတော်မလားလို့ ဒကာကြွယ်တို့က ဝိစိကိစ္ဆာမလာပါနဲ့တော့ (မှန်ပါ့ဘုရား)။

အားလုံး ဒကာ ဒကာမတို့ ဟိုလမ်း ဒီလမ်း လိုက်ချင်စရာလိုသေးသလား. . . (မလိုပါဘုရား) ဘာပဲလုပ်ရမှာတုံး (ဝိပဿနာပဲ လုပ်ရပါမယ်ဘုရား)။

www.dhammadownload.com



'အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ' အယံ= ငါဆိုခဲ့တဲ့ ဝိပဿနာအလုပ်ကို၊ အသင်္ခတဂါမိမဂ္ဂေါ = မပြုပြင် ဘဲနဲ့ရှိတဲ့ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်အမှန်ဖြစ်၏ဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏တဲ့ . . . (မှန်ပါ) ဆိုတော့ ဦးမာဒင်တို့ သံသယရှိဖို့လိုသေးသလား . . (မလိုပါဘုရား)။

အဲဒီတော့ ဒီပါဠိတော်ကြီးကိုပဲ ကိုယ်တိုင်အခုဟော သလိုပဲ၊ ဒကာ ဒကာမတွေ ကြားနာပြီးသကာလနေရတော့ နိဗ္ဗာန်ရောက်ကြောင်းတရား ဘယ်တရားပါလိမ့်မတုံးလို့ မေး လို့ရှိရင်ဖြင့် 'အသင်္ခတဂါမိမဂ္ဂေါ' ဟာ ဘယ်တရားတုံးလို့ မေးတော့၊ ဝိပဿနာလို့ ဘုရားက သူ့ဟာသူ အဖြေထုတ်လိုက် တယ် . . . (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ မအိုမသေ အမြဲနေတဲ့ နိဗ္ဗာန်၊ ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့နိဗ္ဗာန်၊ ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာသိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကြီးကို ရောက်ကြောင်းတရား အားထုတ်ချင်ပါတယ်ဆိုတဲ့ ဥစ္စာသည် ဒကာ ဒကာမတို့ ဘာ အားထုတ်ကြမတုံး . . (ဝိပဿနာ အားထုတ်ရပါမယ်ဘုရား)။

## ဝိပဿနာပဲအားထုတ်ရမယ်

ဝိပဿနာပဲအားထုတ်ရမယ်ဆိုတော့ ဒကာ ဒကာမတို့ အင်မတန် အားကိုးထိုက်တဲ့ကိုယ်တော်ကြီး၊ ကျုပ်တို့ အရေး ကြုံလို့ရှိရင်လည်း ဘုရားကယ်တော်မူပါ၊ တရားကယ်တော်မူ

www.dhammadownload.com



ပါ၊ ဘုရားဆိုတာ ကျုပ်တို့၏ အားကိုးရာ အားထားရာအစစ် ဖြစ်ပြီးသကာလ သူ့ပဲယုံကြည်ကြ. . . (မှန်ပါ့)။

သူ့ယုံကြည်ကြတော့ သူပြောတာလိုက်နာရင် သူ့ယုံကြည်တာပဲ. . . (မှန်ပါ့)။

အဲဒီတော့ သူပြောတာကို ယနေ့ကစပြီးသကာလ ငါတို့သည် ဝိပဿနာဆိုတာ နိဗ္ဗာန်ရောက်ကြောင်းအစစ်ဖြစ်တယ်ဆိုပြီးသကာလ ကျုပ်တို့ ဝိပဿနာရှုရလိမ့်မယ်. . . (မှန်ပါ့)။

ကျုပ်တို့ ဘာလုပ်ရမလဲ. . . (ဝိပဿနာရှုရမှာပါဘုရား) ဝိပဿနာရှုရလိမ့်မယ်လို့ ဒကာ ဒကာမတွေ သေသေချာချာမှတ်ပါ. . . (မှန်ပါ့)။

ဝိပဿနာရှုရတော့မယ် ဆိုပြန်တော့လည်း ဒကာ ဒကာမတို့ဝိပဿနာဆိုတာ ရှုတော့ရှုရတဲ့တရားပဲ၊ ဘယ်နေရာ ရှုရမှာတုံးလို့ မေးဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား)။

## ဘယ်နေရာမှာရှုရမှာတုံး

ဘယ်နေရာမှာ ရှုရမှာတုံးလို့ မေးတဲ့အခါကျလို့ရှိရင် ဝိပဿနာသည် ခန္ဓာ့အပေါ်မှာရှုပါ. . . (မှန်ပါ့)။

ဘယ်အပေါ်ရှုကြမလဲ. . . (ခန္ဓာ့အပေါ်မှာ ရှုရပါမယ်ဘုရား)။ ဩော်. . . ဝိပဿနာရှုဆိုတော့ ဝိပဿနာ ရှုတာ

www.dhammadownload.com



သည် နိဗ္ဗာန်ရောက်ကြောင်းတရားဆိုရင် အမှန်တော့ဖြစ်ပြီ၊ ဘယ်အပေါ်မှာရှုရမှာတုံးလို့ တရားတစ်ပွဲလုံးမေးတော့ ဘယ့်နှယ်ဖြေကြမတုံး. . . (ခန္ဓာအပေါ်မှာရှုရမှာပါဘုရား) ခန္ဓာအပေါ်မှာရှုရမယ် . . . (မှန်ပါ့ဘုရား) ဒကာ ဒကာမတို့ ခန္ဓာပေါ်မှာရှုရမှာပဲ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဝိပဿနာသည်ကားလို့ ဆိုလို့ရှိရင် ခန္ဓာပေါ် ရှုရုံပဲဆိုတော့ ခန္ဓာပေါ် ဒီဝိပဿနာ ရှုစရာရှိတယ် ဆိုတာကို တစ်ထစ်ချမှတ်လိုက်. . . (မှန်ပါ့)။

## ခန္ဓာပေါ်မှာရှုရမယ်

ဝိပဿနာရှုစရာဌာနသည် ဘယ်နေရာမှာ ပါလိမ့်မလဲ လို့ ဒကာ ဒကာမတွေက စစ်တမ်းထုတ်ရင် ခန္ဓာပေါ်မှာပဲ. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဝိပဿနာရှုရမှာ ဘယ်အပေါ်မှာပါလိမ့်. . . (ခန္ဓာ ပေါ်မှာပါဘုရား) ခန္ဓာပေါ်မှာ ရှုရမယ်နော်. . . (မှန်ပါ့)။

ခန္ဓာပေါ်မှာ ရှုရတဲ့အခါကျတော့ ခန္ဓာဆိုတာ ဘုရား တပည့်တော်တို့ ကြားဖူးတာ ငါးပါးပါပဲ. . . (မှန်ပါ့)။

ဒကာ ဒကာမတွေက တစ်ခါ ကိုယ်သိသလောက် ကလေးကိုတော့ဖြင့် ဆင်ခြေဆင်လက် ကလေးတော့ တက် ကြမှာပေါ့ဗျာ. . . (မှန်ပါ့) ကိုယ်သိသလောက်က ခန္ဓာငါးပါး ရှိတယ်လို့ သိထားတယ်. . . (မှန်ပါ့ဘုရား)။

www.dhammadownload.com



ငါးပါးရှိတယ်လို့သိထားတော့ ဒကာ ဒကာမတွေက မေးလိုမ့်မယ် ခန္ဓာပေါ်ရှုဆိုတာ ဟုတ်ပြီဘုရား၊ ခန္ဓာငါးပါးရှိတယ် ငါးပါးမှာ ဘယ်အပေါ်မှာ ရှုရမှာတုံးဆိုတဲ့ မေးခွန်းဟာလည်း မမေးလို့လည်းမကောင်းဘူး. . . (မှန်ပါ့) မေးလည်း မေးထိုက်တယ်ဆိုတဲ့ သဘောလည်း သက်ရောက်ပါတယ်. . . (မှန်ပါ့ဘုရား)။

## ခန္ဓာကိုလေးပုံ ပုံပါ

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခန္ဓာပေါ်ရှုဆိုပြားသော်လည်းကွာတဲ့. . . ငါ ခန္ဓာကို လေးပုံ-ပုံထားပါတယ် (မှန်ပါ့) သေသေချာချာ မှတ်ပါ. . . (မှန်ပါ့)။

ခန္ဓာပေါ်ရှုဆိုတော့ ခန္ဓာက ငါးပါးဖြစ်နေတော့ ခန္ဓာလေးပုံ-ပုံလိုက်တယ်လို့ ပြောပြန်တယ်. . . (မှန်ပါ့ဘုရား)။

ခန္ဓာ ဘယ်နှပုံ-ပုံလိုက်ပါလိမ့်. . . (လေးပုံ-ပုံလိုက်ပါတယ်ဘုရား)။

ဩော်. . . ခန္ဓာကို လေးပုံ-ပုံလိုက်တယ်. . . (မှန်ပါ့) ဒကာ ဒကာမတို့ အခုထွက်လာတဲ့ စကားအစီအစဉ်တွေဟာ ဦးမာဒင် အလွန်ဖြောင့်တန်းပြီး လာတာတွေနော် (မှန်ပါ့ဘုရား)။

ခန္ဓာပေါ်ရှုဆိုတော့ ခန္ဓာက ငါးပါးဖြစ်နေတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့ ခန္ဓာငါးပါးရှိတယ်ဆိုပြားသော်လည်း. . . ကွာ၊ ငါလေးပုံ-ပုံထားတယ်လို့ ဖြေပြန်တယ် (မှန်ပါ့ဘုရား)။

www.dhammadownload.com



## သတိပဋ္ဌာန်လေးပါး

လေးပုံ-ပုံထားတယ်လို့ ဖြေတာက-တခြားမဟုတ်ပါဘူး၊ ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ) ဘယ်နှပုံ ပုံလိုက်ပါလိမ့် . . . (လေးပုံ-ပုံပါတယ်ဘုရား)။

အေ . . . လေးပုံ-ပုံ ဆိုပြားသော်လည်းကွာ . . . တဲ့၊ ခန္ဓာကို လေးပုံ-ပုံပြီး တစ်ပုံပုံကို ရှု . . . (မှန်ပါ့)ပေါ်သွားပြီ (ပေါ်သွားပါပြီဘုရား)။

ခန္ဓာလေးပုံ-ပုံလိုက်တော့ . . . (တစ်ပုံပုံရှုရမှာပါ ဘုရား)၊ လေးပုံ-ပုံပြီး တစ်ပုံပုံကိုရှု . . . (မှန်ပါ့) သဘောကျ ပလား . . . (ကျသွားပါပြီဘုရား)။

## တစ်ပုံတည်းကိုရှုပါ

တစ်ပုံရှုတော့ကို ဘာဖြစ်မတုံးဆိုတော့ "ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ" ဘုရားကပဲ ဆက်ဟောတယ် . . . (မှန်ပါ့ဘုရား)ဘိက္ခဝေ = ရဟန်းတို့၊ အယံမဂ္ဂေါ = ဤဝိပဿနာ ရှုတယ်ဆိုတဲ့မဂ္ဂင်တရားသည်။ ဧကာယနော=တစ်ပုံတည်းရှုတာ နဲ့ တစ်ကြောင်းတည်းနဲ့ နိဗ္ဗာန်ရောက်၏ . . . (မှန်ပါ့ဘုရား)။

www.dhammadownload.com



တစ်ပုံပိုင်ပိုင်ရှုရင် ရောက်ပါတယ်ကွာတဲ့. . . (မှန်ပါ့) ဆိုတော့ ဒကာ ဒကာမတွေ ဗျာများစရာရှိသေးသလား. . . (မရှိပါ) သဘောပါကြပလား. . . (ပါ ပါပြီဘုရား)။

ဩော်. . . လေးပုံ-ပုံပြီးသကာလ တစ်ပုံကိုရှုရင်လည်း နိဗ္ဗာန်ရောက်တယ်. . . (ရောက်ပါတယ်ဘုရား)။

တစ်ပုံပုံရှုရင် . . . (နိဗ္ဗာန်ရောက်ပါတယ်) နည်းပေး နေလို့ ဒကာကြွယ်တို့ ဒကာသစ်တို့အားလုံး ဦးဗထွေးတို့ ဦးသန်းမောင်တို့ ဩော်. . . ဝိပဿနာဆိုတာ ခန္ဓာရှုရမယ် ခန္ဓာက ငါးပါးရှိတော့ လေးပုံ-ပုံပြီး တစ်ပုံရှုရတယ် (မှန်ပါ့ ဘုရား)၊

## ဘယ်လိုမြင်အောင်ရှုရမှာတုံး

ကောင်းပြီ ဒါဖြင့် တစ်ပုံပုံပါပြီ၊ တစ်ပုံကို ဘယ်လိုမြင် အောင်ရှုမှ ဝိပဿနာဖြစ်မှာတုံး. . . (မှန်ပါ) စာမေးပွဲ မေးသလိုပဲ ခင်ဗျားတို့ကိုပြောနေတာပဲ . . . (မှန်ပါ့ဘုရား)။

လေးပုံရှိတဲ့အနက်က တစ်ပုံပုံကို ရှုရမယ်ဆိုလို့ ရှုပါပြီ၊ တပည့်တော်တို့ ဝေဒနာဖြင့် ဝေဒနာနုပဿနာကိုပဲ ရှုပါပြီ၊ စိတ်ကြိုက်လို့ရှိရင်လည်း စိတ်ကိုပဲရှုပါ၊ ဘယ့်နှယ်ကြောင့် ဒီလေးပုံကို ပြောရပါလိမ့်မလဲလို့ မေးခွန်းကော ထွက်မလာဘူး လား. . . (ထွက်လာပါတယ်ဘုရား)။

www.dhammadownload.com



ငါးပါးကို လေးပုံပုံပြီး တစ်ပုံပုံကို ရှုဆိုတာ ဘယ့်နှယ်ကြောင့် လေးပုံထဲက ဘယ်သူ့အတွက်တွေက ဘာဖြစ်လို့ ဒီဥစ္စာသည်ကားလို့ဆိုလို့ရှိရင်ဖြင့် လေးပုံ-ပုံပြီးသကာလ ထားရပါလိမ့်မလဲဆိုတဲ့ မေးခွန်းဟာလည်း ခင်ဗျားတို့ပဲ မေးသင့်တယ်. . . (မှန်ပါ့) မမေးသင့်ဘူးလား. . . (မေးသင့်ပါတယ်ဘုရား)။

မေးသင့်တော့ ဘုန်းကြီးကပဲ အဖြေထွက်ပေးပါ့မယ် ဘုရားဟောတာတွေကို . . . (မှန်ပါ့ဘုရား)။

## ကာယာနုပဿနာ

ကွာ. . . တဲ့၊ ဉာဏ်ဖျင်းဖျင်းနဲ့ ကိလေသာထူပြောတဲ့ ပုဂ္ဂိုလ်များ ဉာဏ်ကလည်းညံ့မယ်၊ ကိလေသာကလည်း ထူပြောလို့ရှိရင် (ကာယာနုပဿနာ ရှုရပါမယ်ဘုရား)။

## ဝေဒနာနုပဿနာ

ဉာဏ်ထက်ထက်နဲ့ ကိလေသာထူပြောမယ်ဆိုလို့ရှိရင်ဖြင့် ဉာဏ်ကတော့ထက်တယ်၊ ကိလေသာကတော့ ထူပြောနေတဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင် ဝေဒနာရှုကွတဲ့. . . (မှန်ပါ့ဘုရား)။

ဒိဋ္ဌိများများနဲ့ ဉာဏ်ကနုံနုံဆိုလို့ရှိရင် စိတ်ရှုကွတဲ့ (မှန်ပါ့ဘုရား)။

www.dhammadownload.com



## ဓမ္မာနုပဿနာ

ဉာဏ်ကထက်ထက်နဲ့ ကိလေသာပါးတဲ့ ပုဂ္ဂိုလ် သစ္စာ ရှုပေး. . . (မှန်ပါ့ဘုရား)။

ဩော်. . . ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး က စရိုက်အတွက် လေးပုံ-ပုံပြန်တယ်. . . (မှန်ပါ့ဘုရား)။

ဒကာကြွယ်မှတ်မိပလား. . . (မှတ်မိပါပြီ) ဘယ့်နှယ် ကြောင့် လေးပုံဖြစ်သွားပါလိမ့်. . . (စရိုက်အတွက်ပါဘုရား)။

စရိုက်ကွာတဲ့ မင်းတို့ ပုထုဇဉ်တွေမှာ တစ်ချို့က တဏှာများတဲ့ပုဂ္ဂိုလ်ရှိတယ်. . . (မှန်ပါ့) သဘောကျပလား (ကျပါပြီ) တဏှာများတဲ့ပုဂ္ဂိုလ်ရှိတယ်. . .၊ တဏှာများပြီး ဉာဏ်ထက်ချင်လည်း ထက်နေတယ်. . . (မှန်ပါ့)။

တချို့ကတော့ တဏှာများပြီး ဉာဏ်တုံးတာလည်းရှိ တယ် (မှန်ပါ့) တချို့က ဉာဏ်တုံးပြီးသကာလ တဏှာပါးတာ လည်း ရှိတယ်. . . (မှန်ပါ့ဘုရား)။

တချို့က ဉာဏ်လည်းထက် တဏှာလည်း ပါးတာ ရှိတယ်. . . (မှန်ပါ့) ပုဂ္ဂိုလ်လေးမျိုးရှိလို့ ငါသည် လေးမျိုး ပုံလိုက်ပါတယ်တဲ့. . . (မှန်ပါ့) ဆိုတော့ အဖြေမှန်သွားတယ် . . . (မှန်ပါတယ်) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဩော်. . . အဖြေမှန်သွားပြီလို့ မှတ်ကြနော် (မှန်ပါ့ ဘုရား) အဲဒီတော့ ဘေးက ဝိပဿနာကို ဆင်ပြင်ပေးရမည့်

www.dhammadownload.com



ပုဂ္ဂိုလ်က ရမ်းပြီးသကာလ မင်းတို့လာလို့ရှိရင် ရှုကြ၊ ရှုကြ ဟော့. . . (မှန်ပါ့ဘုရား)။

ဒါနဲ့မရဘူး. . . (မှန်ပါ့) ဒါနဲ့မရဘူး သူ့စရိုက်ကို မရွေးတော့ဘဲနဲ့ ရမ်းပေးတဲ့ ဝိပဿနာဆရာလို့မှတ်. . . (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒီလိုရမ်းနေလို့ရှိရင် သူ့အကြိုက်နဲ့၊ သူ့ဉာဏ်နဲ့၊ သူ့ကိလေသာနဲ့၊ သူ့စရိုက်နဲ့မကိုက်တဲ့ ကမ္မဋ္ဌာန်း ပေးမြန်လည်း ဒကာသစ် ရပ့်မလား. . . (မရပါဘုရား)။

အကယ်၍ ရတယ်ထားတောင်မှ အချိန်တွေ သိပ်ကြာသွားမယ်. . . (မှန်ပါ့) မတော် အသေက ဖေ. . .ားလို့ရှိရင် ကမ္မဋ္ဌာန်း နောက်ကျပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မဆိုက်ပဲဖြစ်ရမယ်. . . (မှန်ပါ့ဘုရား)။

## စရိုက်က မတူကြဘူး

အဲဒါကြောင့် ဒကာ ဒကာမတွေ ကမ္မဋ္ဌာန်းဆရာလုပ်ဖို့အရေးဟာလည်း မလွယ်သေးဘူးလို့ မှတ်ထားရမယ်. . (မှန်ပါ့ဘုရား) သတိပဋ္ဌာန်လေးပါး တစ်ခါတည်း နိဗ္ဗာန်ရောက်တာတော့မှန်ရဲ့. . . (မှန်ပါ့) သို့သော် ရှုဉာဏ်နဲ့ ကိလေသာက ဒကာ ဒကာမတွေမှာ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ရှိမယ်. . . (မှန်ပါ့) ဉာဏ်နုံတဲ့ပုဂ္ဂိုလ်ကော . . . (ရှိမှာပါဘုရား)။

www.dhammadownload.com



ကိလေသာထူတဲ့ ပုဂ္ဂိုလ်ကော. . (ရှိမှာပါ) ကိလေသာ အသင့်အတင့်ပါးတဲ့ပုဂ္ဂိုလ်ကော. . . (ရှိမှာပါ) အဲဒါတွေနဲ့ တစ်ခါလိုက်ပြီးသင်္ကာလ ဝေဖန်ပါဦး (မှန်ပါ့ဘုရား) ဝေဖန်ပြီး သင်္ကာလမှ ဒီကမ္မဋ္ဌာန်းကို သူတို့ကို ပေးပါလို့ဆိုပြီးသင်္ကာလ လေးပုံ့ဟာ ဘယ့်နှယ်ကြောင့် လေးပုံဖြစ်လာသတုံးလို့ မေးတော့မှ ဦးမာဒင်တို့ ဦးသန်းမောင်တို့ စရိုက်ကြောင့်ပါ (မှန်ပါ့) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဘာ့ကြောင့်တုံး . . . (စရိုက်ကြောင့်ပါဘုရား) စရိုက် က မတူကြလို့ (မှန်ပါ့) ဘယ်နှပုံခွဲလိုက်ရသလဲ. . . (လေးပုံ ခွဲလိုက်ရပါတယ်) ရှင်းသွားပြီလား. . . (ရှင်းပါပြီဘုရား)။

ရှင်းသွားပြီတဲ့. . . ဒါဟာ ဒကာ ဒကာမတို့ အစကာ စပြီးရှင်းပေးတာပဲ. . . (မှန်ပါ့)။

## ကိုယ့်ဟာကိုယ်သိတယ်

အစက စပြီးရှင်းပေးတာခင်ဗျားတို့ရိကော်တာ (recorder) ထဲမှာ ဒီဟာကို ဖွင့်ကြည့်လိုက်၊ ကိုယ်ဟာ ဘယ်လိုစရိုက်အား ကြီးတယ်ဆိုတာကို ကိုယ့်ဟာကိုယ်သိ. . . (မှန်ပါ့)။

ကိုယ့်ဟာကိုယ်သိတဲ့အခါကျတော့မှ ဩော် . . ဆရာ ဘုန်းကြီးက ဒီလိုဟောတယ်၊ ဘုရားဟောတဲ့အတိုင်း၊ တို့ ဘယ်ကမ္မဋ္ဌာန်းဆိုတဲ့ဥစ္စာကို ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ချက်ချ နိုင်ပါတယ် (မှန်ပါ့) သူများမေးစရာလိုသေးသလား . . . (မလို့ ပါဘုရား)။

www.dhammadownload.com



ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်တယ်ဆိုတဲ့ ဥစ္စာကိုလည်း ငါးပါးကို လေးပါးလုပ်ပြီးဟောလိုက်တာ ထောက်လိုက်သဖြင့်လည်း ဆုံးဖြတ်ချက်ချဖို့ ဟောထားတဲ့တရားလို့ မှတ်ပါ. . . (မှန်ပါ့ဘုရား)။

ကောင်းပြီ. . . ဒါဖြင့် လေးပါးဟာဘုရားတပည့်တော်တို့ ကိုယ့်စရိုက်နဲ့ ကိုယ်ကြိုက်တာပဲ ဝေဒနာပဲရှုပါတယ်၊ တပည့်တော်တို့ တဏှာများများနဲ့ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်တွေမို့ ဝေဒနာရှုပါတယ်. . . (မှန်ပါ့)။

## စိတ္တာနုပဿနာ

ဒိဋ္ဌိများများ ကိလေသာပါးရှားတဲ့ပုဂ္ဂိုလ် ဒိဋ္ဌိစရိုက်ရှိပြီး သကာလနေတဲ့ပုဂ္ဂိုလ်ကျတော့ စိတ္တာနုပဿနာ တပည့်တော်တို့ ရှုပါတယ်ဆိုပြီး ကိုယ့်စရိုက်နဲ့ ကိုယ်ရွေးပြီး ဒကာသစ် ရှုလိုက်တာပေါ့. . . (မှန်ပါ့)။

ရှုလိုက်တဲ့အခါကျတော့ ဝေဒနာရှု၊ စိတ်ရှု၊ ကိုယ့်စရိုက်နဲ့ ကိုယ်ကြိုက်တာရှု. . . (မှန်ပါ့) ရှုတဲ့အထဲက ရှုတော့ ဘယ်လိုမြင်မှ အမြင်မှန်တုံး. . . (မှန်ပါ)။

ဒီအမေးကလည်း ထွက်ရဦးမယ်. . . (မှန်ပါ့) ဒီအမေးဟာ မထွက်သင့်ဘူးလား. . . (ထွက်သင့်ပါတယ်ဘုရား)။

www.dhammadownload.com



## ဘယ်လိုမြင်မှ အမြင်မှန်ပါလိမ့်

ဘယ်လိုမြင်မှ အမြင်မှန်ပါလိမ့်မလဲဘုရားဆိုတာ ဦးမာဒင်တို့၊ ဦးဗထွေးတို့၊ ဦးသန်းမောင်တို့ မေးသင့်တယ်. . . (မေးသင့်ပါတယ်) မမေးသင့်ဘူးလား (မေးသင့်ပါတယ်ဘုရား)။

ကိုယ်လုပ်သာနေရတယ်၊ ဒီကမ္မဋ္ဌာန်းနဲ့ ကိုယ်နဲ့ သင့်-မသင့်ကို ကြည့်လိုက်တော့၊ ဒီအမြင်ကလေးက သူ့အမြင်က မှန်နေမှသာလျှင်၊ ဩော်. . . ဒီကမ္မဋ္ဌာန်းနဲ့ ငါနဲ့တည့်တယ် ဆိုတာလည်း၊ အားတက်သရောဖြစ်ပြီးသကာလ ထွက်ရပ်လမ်း ပေါက်မည့် တရားဟာ၊ ဩော်. . . ဒီတရားပါလားဆိုတာ ကိုယ့်ဟာကိုယ်လည်း အားတက်ပြီး၊ ကိုယ့်ဟာကိုလည်း ဆုံးဖြတ် ချက်ချပြီးသကာလ၊ ဒကာ ဒကာမတို့ အရောက်သွားချင်တဲ့ စိတ်ကလည်း ပြင်းထန်လာတယ်. . . (မှန်ပါ့ဘုရား) ဦးသန်း မောင် ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ရမ်းပေးနေတဲ့ပုဂ္ဂိုလ်တွေအတွက်ဆိုရင်ဖြင့် ဒီဥစ္စာအင်း . . . နစ်နာမသွားဘူးလား. . . (မှန်လှပါ) မနစ် နာပေဘူးလား. . . (နစ်နာပါတယ်ဘုရား)။

အေး. . ဒါကြောင့် အခု 'အမ်ဘီဘီအက်စ်' (M.B.B.S) တွေဆိုတဲ့ ဆရာဝန်တွေ ဘယ်လိုပင်အောင်ဪးသော်လည်း တချို့ သူနိုင်ရာ၊ သူနိုင်ရာကလေးကုကြတာ၊ ခင်ဗျားတို့ ချိန်ကြည့်ကြ တော့. . . (မှန်ပါ့) ကျောင်းတက်တုန်းကတော့ အကုန်သင် ခဲ့တာပဲ. . . (မှန်လှပါဘုရား)။

www.dhammadownload.com



ကျောင်းတက်တုန်းကတော့ အုကုန်သင်ရတာပဲ၊ တစ်တန်းတည်းသင်ရတာ . . . (မှန်ပါ့) သို့သော်လည်း လူမမာကုတဲ့နေရာစွမ်းရာ၊ စွမ်းရာ ဆိုတော့ ဦးမာဒင် တခြားစီပေါ့ဗျာ. . . (မှန်ပါ့) တစ်မျိုး တစ်ဖုံစီကော သူတို့နားလည်မှုမှာ ပိုမိုကြရဲ့လား. . . (မပိုမိုပါဘုရား)။

ဒီအတိုင်းပါပဲတဲ့၊ ဒီမှာ ဝိပဿနာရှုလိုက်တဲ့အခါကျလို့ရှိရင် အမြင်မှန်ဟာ ကိုယ့်စရိုက်နဲ့တော်တဲ့ဟာကျတော့ အမြင်မှန်ဟာ မြန်မြန်ပေါ်လာတယ်. . . (မှန်ပါ့)။

ကိုယ့်စရိုက်နဲ့တော်တဲ့ဟာကျတော့ . . . (အမြင်မှန်ဟာ မြန်မြန်ပေါ်လာတယ်ဘုရား)။

## ဒီလိုမြင်မှအမြင်မှန်

အမြင်မှန် အမြန်ပေါ်လာတယ်ဆိုတော့ အမြင်မှန်ဟာ ဘယ်ဟာ့တုံးလို့ မေးတဲ့အခါကျတော့၊ ဝေဒနာရှုပြန်ရင် ဝေဒနာကိုမတွေ့ဘဲနဲ့ ဝေဒနာတို့၏ဖြစ်မှုပျက်မှုတွေ့ရမယ်. . (မှန်ပါ့) စိတ်ကိုရှုပြန်လည်း စိတ်ကိုပဓာနထားပြီး မတွေ့ဘဲနဲ့ စိတ်၏ဖြစ်မှုပျက်မှုတွေ့ရမယ်. . . (မှန်ပါ့)။

ဒါကိုရှုကြပါ. . . (မှန်ပါ့) ရှုကြည့်တော့ သြော်. . . ဝေဒနာ ရှုခိုင်းပေမယ့် ဘုရားတပည့်တော်ဖြင့် ဖြစ်မှုပျက်မှုပဲ ဉာဏ်ထဲမှာထင်တယ်. . . (မှန်ပါ့)။

www.dhammadownload.com



## ကိုယ်နဲ့ကိုက်တဲ့တရား

စိတ်အရှုခိုင်းပြန်လည်း ဖြစ်မှုပျက်မှုပဲ ထင်ပါတယ် ရား၊ ရုပ်အရှုခိုင်းပြန်လည်း ဖြစ်မှုပျက်မှုသာ ထင်ပါတယ် တော့၊ ဖြစ်မှု ပျက်မှုထင်ရင် ကိုယ့်စရိုက်နဲ့ကိုက်တဲ့ တရားလို့ လိုက်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဖြစ်မှုပျက်မှု မြန်မြန်ထင်လာရင် ဘယ့်နှယ်ဆိုကြမလဲ ိုယ့်စရိုက်နဲ့ ကိုက်တဲ့တရားပါဘုရား)။

ကိုယ့်စရိုက်နဲ့ ကိုက်တဲ့တရားလို့ဆိုတော့၊ ဩော်. . . ိုလည်း ဝေဖန်စရာတွေဟာ ဝိပဿနာအလုပ်မှာလည်း ရာကောင်းလိုပါကလားဆိုတာ ဒကာကြွယ် ဒါအားလုံးမှာ ဆေးဖို့ ဘုရားဟောတော်မူတာလို့ မှတ်ရမယ်. . . (မှန်ပါ့) းပြီးလုပ်လို့ ဖြစ်ပါ့မလာ. . . (မဖြစ်ပါဘုရား)။

## နိစ္စရမ်းစိပ်တယ်

ဒါကြောင့် . . . ဘုန်းကြီးတို့ ရှေးက မပေါ်ခင်တုန်း ဒီဝိပဿနာ ဒါလောက်ဘုန်းကြီးများ မနိုးကြားခင်တုန်းက ်င် စိပ်လိုက်တဲ့ အနိစ္စဟာ ကျုပ်ဘယ်နှစ်ပတ်ရတယ်. . . ်ပါ့) ကျုပ်ဘယ်နှစ်ပတ်ရတယ်နဲ့ ဘယ်စရိုက်နဲ့မှ သူတို့ ဆေးတာ မဟုတ်ဘူး သက်သက် အနိစ္စ ရမ်းစိပ်တာပဲ. . . န်ပါ့) ဘာမှလည်း မမြင်ဘူး. . . (မှန်ပါ့) ဘာမှလည်း

www.dhammadownload.com



မမြင်ဘူး. . . ဒုက္ခချုပ်တဲ့နိဗ္ဗာန် မင်းမြင်ရဲ့လား. . . မမြင်ပါဘူး . . . (မှန်ပါ့) ကုသိုလ်ဖြစ်စိပ်တယ်. . . (မှန်ပါ့ဘုရား)။

အဲဒီလိုဟာတွေကို ဦးမာဒင်တို့ ရိပ်မိပြီ . . . (ရိပ်မိပါတယ်ဘုရား) ဩော်. . . ဆရာ့အပေါ်မှာ တာဝန်ရှိတာ လည်းသူမသိရှာဘူး. . . (မှန်လှပါဘုရား)။

## ကုသိုလ်တော့ရပါတယ်

ကုသိုလ်ရတာ တစ်ခုလောက်သာ သိတယ်. . . (မှန်ပါ့) ကုသိုလ်မရဘူးလို့ မပြောဘူး၊ နိဗ္ဗာန်မရဘူးလို့ပြော တယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဝိပဿနာ လုပ်နေတဲ့ပုဂ္ဂိုလ်များ ကိုယ့်စရိုက်နဲ့ မတော်တာ လုပ်နေပြန်လို့ရှိရင်လည်း ကုသိုလ်တော့. . . (ရပါတယ်ဘုရား) နိဗ္ဗာန်တော့. . . (မရပါဘုရား)။

ဒါလည်း သိပ်လိုပါကလား. . . (လိုပါတယ်) ဒါ- သိပ်လိုပါကလားဆိုတဲ့ ဒီဥစ္စာ ရှေ့နေဝတ်လုံများစစ်သလို စစ်ကြေနေတာ. . . (မှန်ပါ့)။

ဒါ သိပ်အရေးကြီးတဲ့ စကားလို့ အဖိုးတန်တဲ့နားမှာဖြင့် ဩော်. . . ဒီဥစ္စာ မလုပ်ခင် စဉ်းစားရမည့် အလုပ်တွေပါလား (မှန်ပါ့)။

နို့မဟုတ်ရင် လကုန် နှစ်ဖြုန်းပြီးသကာလ အသေစေ တတ်တယ်. . . (မှန်ပါ့ဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

www.dhammadownload.com



## ရှင်သာရိပုတ္တရာ

ဒါ့ကြောင့် ဘုန်းကြီးတို့ရှင်းပြီးတော့ ပြပါတယ်. . . ဒကာကြွယ် ရှင်သာရိပုတ္တရာဟာ ပညာအရာမှာဖြင့် ဘုရားအောက်မှာ သူ့ထက်ကြီးမရှိပါဘူး. . . (မှန်ပါ့)။

ပန်းထိမ်သည်ကို သုံးလ ကမ္မဋ္ဌာန်းပေးကြည့်တယ်၊ အသုဘကမ္မဋ္ဌာန်းပေးကြည့်တယ်. . . (မှန်ပါ့ဘုရား) ရရဲ့လား (မရပါဘုရား)။

ဒီပုဂ္ဂိုလ် ငါချွတ်လို့ မရပါဘူးဆိုပြီး ဝါတွင်းသုံးလပတ်လုံး ပထမလ, သွားမေးတယ်၊ ဘာမှ ဖြစ်-ပျက် မမြင်ဘူး. ... (မှန်ပါ့) ဒုတိယလသွားမေးတယ် ဖြစ်ပျက်မမြင်ဘူး. . . (မှန်လှပါဘုရား) ခက်ပေါ့ကွာ၊ ဒါကိုထပ်လုပ်ပါကွာတဲ့၊ ပန်းထိမ်သည်ကို သူကသင်နေတာ-(မှန်ပါ့) တတိယလသီတင်းကျွတ်ခါနီး သွားမေးတယ် ဘာမှမမြင်ဘူး. . . (မှန်ပါ့)။

## စရိုက်နဲ့မတော်လို့

ဟာ. . . ခက်ပြီကော၊ တရားကအမှန်ပဲ၊ တရားတော့ မှန်တာပေါ့၊ သူ့စရိုက်နဲ့က မတော်ပဲကိုး. . . (မှန်ပါ့)။

တရားကတော့ ဘယ်မှာမမှန်တာရှိမလဲ. . . (မှန်ပါ့) သူ့စရိုက်နဲ့. . . (မလျော်ပါဘုရား)။

www.dhammadownload.com



သူ့စရိုက်ကြိုက် တရားက မဟုတ်တော့ လုပ်သာနေရတယ် ဦးသန်းမောင် ဘာမှမထင်လာဘူး. . . (မှန်ပါ့)။

ဒါနဲ့ သိတင်းကျွတ်တော့ဘုရားဆီခေါ်သွားပြီး ဒီပုဂ္ဂိုလ်ဟာ ဘုရားချွတ်မှရမှာ သူချွတ်လို့ရမှာ မဟုတ်ဘူး. . . ဆိုတော့ ဒကာကြွယ်က ကြားထဲက ပုဏ္ဏားတိုင်လုပ်ပါ. . . (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ဒီကိုယ်တော်ကလေးဘာဖြစ်နေပါလိမ့်မတုံး၊ ငယ်ငယ်က ရဟန်းဖြစ်လာတဲ့ ကိုယ်တော်ကလေးပဲ၊ ကိုယ်တော်ကလေး အားထုတ်တာ ညံ့လို့လား၊ ဆရာမှားနေလို့လားဆိုတဲ့ ဥစ္စာကိုလည်း စဉ်းစားကြည့်ပါ (မှန်လှပါဘုရား) ဘယ့်နှယ်ခင်ဗျားတို့ ဆုံးဖြတ်ချက်ချမလဲ. . . (ဆရာမှားနေလို့ပါဘုရား)။

ဟာ-ခင်ဗျားတို့ ရှင်သာရိပုတ္တရာကြီးကို သွားမလုပ်ပါနဲ့ အင်မတန် အရေးကြီးတဲ့ ကိုယ်တော်ကြီး၊ တကယ့်ကို ပညာအရာမှာ ငါ့အောက် သူတစ်ယောက်သာ ရှိတယ်ကွလို့ ဘုရားကတောင် ဗျာဒိတ်ပေးထားသေးတာ ဒကာကြွယ်တို့ရာ. . . ရှင်သာရိပုတ္တရာ မှားနေလို့ဆိုတော့ သူ့ကိုစွပ်စွဲရာ မရောက်ပေဘူးလား. . . (ရောက်ပါတယ်ဘုရား)။

ဒါ. . . စွပ်သာစွပ်စွဲပါတယ်. . . တဲ့. . . ဘယ်သူ ဖြစ်ဖြစ် ဒကာ ဒကာမတို့ 'ဣန္ဒြိယပရောပရိယတ္တိဉာဏ်' ဆိုတာက ဘုရားမှာသာရတယ်. . . (မှန်ပါ) အောက်ပုဂ္ဂိုလ်တွေမရဘူး (မရပါဘုရား) ဒါ့ကြောင့် စရိုက်ဖမ်းလွဲနေတယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

www.dhammadownload.com



'ဣန္ဒြိယပရောပရိယတ္တိဉာဏ်' ဣန္ဒြေရင့်-မရင့် ...တ်လား (မှန်ပါ့)။

အဲဒါကို မသိတော့လည်းတဲ့ ဒကာ ဒကာမတို့ ဘယ်လို ...ဟန္တာကြီးဖြစ်လို့ ဘယ်လိုပေးပေး၊ ဒကာ ဒကာမတို့ မရနိုင်ဘူး တဲ့ အဓိပ္ပာယ်လည်း ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒီပြင် စကားစပ်မိလို့ ပြောပါဦးမယ်၊ ဒကာ ဒကာမတို့ ...ဗဟုသုတချည့် ရှေ့ပိုင်းက ပြောနေတာ၊ အလုပ်ခွင်ကို ...န်းပေးချင်လို့ ပြောနေတယ်လို့ မှတ်ပါ. . . (မှန်ပါ့)။

## ရဟန္တာတွေပြေးရတယ်

မိလိန္ဒမင်းကြီး မေးတော့ ဦးမာဒင် ရဟန္တာတွေ ပြေးရ တယ်. . . (မှန်ပါ့ဘုရား) မိလိန္ဒမင်းကြီးမေးတော့ ရဟန္တာတွေ ဘာတုံး. . . (ပြေးရပါတယ်ဘုရား)။

ဟာ. . . ဘာဖြစ်လို့ ပြေးရတာတုံး၊ ရဟန္တာဆိုတဲ့ဥစ္စာ ကိုလေးသာ့ကုန်ပေါ့ပဲ၊ မေးတာကို ဒေါက်ခနဲ. . . ဒက်ခနဲဖြေ ပါတော့လားဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ပြောစရာကြီးတစ်ခုပေါ်လာ တယ်. . . (ပေါ်ပါတယ်ဘုရား)။

မဖြေနိုင်လို့ ဗြဟ္မာ့ပြည်သွားပြီး တောင်းပန်ရတယ်. . (မှန်ပါ့) ဗြဟ္မာပြည်ကနေပြီး စုတေစိတ်ချပြီး လူ့ပြည်လာပြီး ...ဘာ့ကို ပညာသင်ပါ၊ ပညာသင်ပြီးတော့ မိလိန္ဒမင်းကြီးကို

www.dhammadownload.com



အဖြေထုတ်ပါဆိုတဲ့ဥစ္စာကို ရဟန္တာတွေကိုယ်က သွားတောင်းပန်ရတယ်၊ သူတို့မဖြေနိုင်လို့. . . (မှန်ပါ့)။

## ရဟန္တာဆိုတာ သူ့အရေးသာပြီးတာ

ဩော်. . . ဒါဖြင့် ရဟန္တာဆိုရင် ခင်ဗျားတို့က အလုံးစုံအကုန်ပြီးတယ်တဲ့၊ သူ့အရေးသာ သူပြီးတာလို့မှတ်၊ သူများအရေး အကုန်ပြီးတယ်လို့မဆိုနဲ့. . . (မှန်လှပါ) ရှင်းပလား. . (ရှင်းပါပြီဘုရား)။

ရဟန္တာဆိုတာ. . . (သူ့အရေးသာ သူပြီးပါတယ်) သူများအရေးပြီးဖို့ရာကျတော့ သူ့မှာမပါလာသေးဘူး. . . (မှန်ပါ့) သဘောပါပလား. . . (ပါ-ပါပြီဘုရား)။

ဘုရားမှာသာ သူ့အရေးလည်းပြီး သူများအရေးလည်းပြီးအောင်ဆွဲနိုင်တယ်. . . (မှန်ပါ့) ကျန်တာတွေကတော့ အကုန်မဆွဲနိုင်ဘူးဆိုတာ မှတ်လိုက်ပါတော့. . . (မှန်ပါ့)။

ဒီပြင်လူ မဆိုထားပါနဲ့ ဦးမာဒင်၊ ရှင်းရှင်းပဲ မှတ်လိုက်စမ်းပါ. . . (မှန်ပါ) သစ္စာမသိဘဲနဲ့ နိဗ္ဗာန်မြင်ပါ့မလား. . . (မမြင်ပါဘုရား)။

## ပစ္စေကဗုဒ္ဓါတွေ

ဒါဖြင့် ဘုရားမပွင့်ရင် ဘုရားငယ်တွေဆိုတာ ပစ္စေကဗုဒ္ဓါမြတ်စွာဘုရားတွေနော်. . . (မှန်ပါ့) နိဗ္ဗာန်တော့ သူတို့

www.dhammadownload.com



ရောက်ကြတယ်. . . (မှန်ပါ့) သူများကိုဟောစမ်းပါဆိုတော့ မဟောနိုင်ဘူး. . . (မှန်ပါ့) ကဲ. . . ဒကာကြွယ် သူများကို ဟောပါဆိုတော့. . . (မဟောနိုင်ပါဘုရား)။

သူပေးတဲ့ဆုကြည့်ပါ၊ ခင်ဗျားတို့က ဆွမ်းလှူတော့ "ဣစ္ဆိတံ ပတ္ထိတံ တုယှံ ခိပ္ပမေဝ သမိဇ္ဈတု" မင်းအလိုရှိတာ ပြည့်စေတဲ့- (မှန်ပါ့) ဒီပြင် မပေးကြဘူး၊ ဒါပဲပေးတယ်. . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

သူဟာ သစ္စာသိပါတယ်တဲ့၊ သူတစ်ပါးဟောဖို့ မရဘူး (မှန်ပါ့)။

## သူတစ်ပါးမချွတ်နိုင်ဘူး

အဲဒီတော့ ဒကာ ဒကာမတို့ ရဟန္တာထက် ပစ္စေကဗုဒ္ဓါက သာပါတယ်. . . (မှန်ပါ့) အဲဒါ သူတစ်ပါးကို မချွတ်နိုင်ဘူး (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာတော့ အခုကော ဘုရားပွင့်တဲ့ ခေတ်အခါနဲ့ တွေ့ကြုံရလို့ ဘုရားက သစ္စာတွေဟောထားလို့ ဘုန်းကြီးများက တစ်ဆင့် သစ္စာတွေ ဟောရပါတယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ပစ္စေကဗုဒ္ဓါတို့ ခေတ်ထက် သာနေတဲ့အခါ လို့မှတ်ပါ . . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

www.dhammadownload.com



ကဲ . . . ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်အရည်အချင်းလည်း ကိုယ်သိကြပြီ. . . (မှန်ပါ)။

ကိုယ့်အပျင်းကလေးလည်း မဖက်ဖို့ ဒါကလေးကလည်း တောင်းပန်ရတယ်. . . (မှန်ပါ) ဒါကလေးကတော့ မတောင်းပန်လို့မဖြစ်ဘူး. . . (မှန်ပါ)။

## အရည်အချင်းကပြည့်စုံကြပြီ

ကိုယ့်အရည်အချင်းကတော့ ဘယ့်နှယ်တုံး၊ ပါရမီမျိုးစုံ စုံပါပေ့လားဆိုရင် မလွဲဘူး. . . (မလွဲပါဘုရား) ကိုယ့်အရည်အချင်းက ပြည့်စုံရဲ့၊ ကိုယ့်အပျင်းမဖက်ရင် ဒကာကြွယ် ရ-ရမယ်. . . (မှန်ပါ) သဘောကျပလား. . . (ကျပါပြီဘုရား)။

ကိုယ့်အရည်အချင်းကတော့. . . ဒကာသစ် ဘယ့်နှယ်တုံး (ပြည့်စုံပါတယ်ဘုရား) ကိုယ့်အပျင်းကလေးက . . . (မဖက်ပါနဲ့ဘုရား) မဖက်ဖို့. . . (မှန်ပါ) ဒါကလေးတော့ တောင်းပန်ရတယ်. . (မှန်ပါ) မတောင်းပန်သင့်ဘူးလား. . . (တောင်းပန်သင့်ပါတယ်ဘုရား)။

## အပျင်းမဖက်ပါနဲ့

ဘယ်လိုပင် အရည်အချင်း ပြည့်စုံငြားသော်လည်း အပျင်းကလေးဖက်လာတဲ့အခါကျတော့ ဒကာ ဒကာမတို့

www.dhammadownload.com



ပျင်းတယ်ဆိုတာ သည် ပဋိစ္စသမုပ္ပါဒ်တန်းမလို့ ထွက်လာတာ (မှန်ပါ့)။

ကြည့်ပါ၊ ပျင်းလာတယ်ဆိုတာသည် ဆုတ်နစ်တဲ့ ဒေါသ (မှန်ပါ့)၊ ဒေါသနောက်ကနေပြီး သက္ကာလ သောက လိုက်တာတယ်. . . (မှန်ပါ့) သောကနောက်ကနေပြီး ပရိဒေဝ လိုက်လာတယ်. . . (မှန်ပါ့) ဒုက္ခဒေါမနဿ လိုက် လာတယ်၊ ဉပါယာသလိုက်လာတယ်. . . (လိုက်ပါတယ်) သူတို့လိုက်တာ သူတို့ဟာသူတို့ချည့် သက်သက်နေသလားဆို တော့ အဝိဇ္ဇာနဲ့ တွဲနေတယ် (မှန်ပါ့)။

ဘာနဲ့ တွဲနေသလဲ. . . (အဝိဇ္ဇာနဲ့တွဲနေပါတယ် ဘုရား)။

ကိုင်း . . . တရားဆက်ပြီးနာကြ. . . (မှန်ပါ့) ဒကာ ဒကာမတို့ စရိုက်တွေကြောင့် သတိပဋ္ဌာန်လေးပါး ဖြစ်ရတယ် (မှန်ပါ့) သတိပဋ္ဌာန်လေးပါးကို ကိုယ့်စရိုက်နဲ့ ကိုယ်ကြည့်လို့ ကိုယ့်စရိုက်နဲ့တော်တဲ့တရားကို ကြည့်လိုက်တဲ့အခါ မြင်လို့ရှိ ရင်ဖြင့် ကိုယ့်စရိုက်နဲ့ လျော်တဲ့တရားလို့ ကိုယ့်ဟာကိုယ် ဘယ်လိုဆုံးဖြတ်ချက်ချမလဲလို့ အမေးထုတ်ရမယ်. . . (မှန်ပါ့)။

www.dhammadownload.com



## ကိုယ့်စရိုက်နဲ့လျော်တဲ့တရား

ဖြစ်မှုပျက်မှုတွေကို ဉာဏ်မြင်ခဲ့သည်ရှိသော် ဩော်-ရှုနေတဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ဟာ ဝေဒနာနဲ့ ငါသည် စရိုက် သေသေချာချာ တိုက်တိုက်ဆိုင်ဆိုင် ညီညွတ်တာပဲဆိုတာ ဆုံးဖြတ်ချက်ချ . . . (မှန်လှပါဘုရား)။

စိတ်ရှုလို့ ဖြစ်မှုပျက်မှုဆိုတဲ့ အနိစ္စကို ဉာဏ်မြင်ခဲ့သော် ခပ်မြန်မြန်မြင်ခဲ့သော် အားလုံး ဒကာ ဒကာမတွေ ဒါ. . . ကိုယ့်စရိုက်နဲ့လျော်တဲ့ တရားလို့မှတ်ပါ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အမြင်မှန်ဆိုသည် ဝေဒနာရှုလို့ ဝေဒနာမတွေ့ဘဲနဲ့ အဖြစ်အပျက်တွေ့ပါတယ်. . . (မှန်ပါ့) စိတ်ရှုတဲ့အခါလည်း စိတ်မတွေ့ဘဲနဲ့ . . . (ဖြစ်ပျက်တွေ့ပါတယ်ဘုရား)။

ဘာဖြစ်လို့ စိတ်ရှုပါဆိုပြီး ဖြစ်ပျက်ဘက် ကူးပြီး သကာလ ဉာဏ်အတွေ့ ပြောင်းရပါသတုံးလို့ မေးခွန်းထုတ်ဖို့ လိုတယ် (လိုပါတယ်ဘုရား)။

ဘုရားက ဟောရှာတယ်. . . (မှန်ပါ့) ဘုရားက ဟောရှာတယ် မင်းတို့ဘာပဲရှုရှု "<u>သမုဒယဓမ္မာနုပဿီ ဝါ ဝေဒနာသု</u> ဝိဟာရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဝေဒနာသုဝိဟာရတိ" မင်းတို့ ဘယ်လိုပဲ ဝေဒနာရှုရှု သမုဒယနဲ့ ဝယ မြင်မှ ပြီးတယ်. . . (မှန်ပါ့ဘုရား)။

www.dhammadownload.com



## ဖြစ်မှုပျက်မှုမြင်မှပြီးတယ်

ဒါ. . . သူ့ပါဋ္ဌိတော်ပဲ. . . (မှန်ပါ့) ဖြစ်မှုပျက်မှုတွေ့မှ ပြီးတယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ထို့အတူပဲတဲ့ စိတ်ရှုတဲ့ပုဂ္ဂိုလ်လည်းတဲ့ စိတ်တွေ့နေလို့ ရှိရင် မဟုတ်သေးဘူး. . . (မှန်ပါ့) လုံးလုံးမဟုတ်တာလားဆို တော့ လုံးလုံးမဟုတ်တာတော့ မဟုတ်ပါဘူး. . .။ ဉာဏ် အောက်ကျတယ်. . . (မှန်ပါ့ဘုရား)။

နာမပရိစ္ဆေဒဉာဏ်ဖြစ်သွားတယ်. . . (မှန်ပါ့ဘုရား) ဥဒယဗ္ဗယဆိုတဲ့ ဝိပဿနာဉာဏ်မဖြစ်ဘူး. . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘာတွေ့မှ ဝိပဿနာဉာဏ် ဖြစ်လာသတုံး ဆိုတော **"သမုဒယဓမ္မာနုပဿီ ပါ စိတ္တသ္မိံ ဝိဟရတိ"** စိတ်ရှုပေမယ့် ဖြစ်မှုမြင်မှ ဟော့-တဲ့. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

**"ဝယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ"** ဒကာ ဒကာမ ဘို့ အပျက်ကိုမြင်မှတဲ့. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

ဩော်. . . ဒါဖြင့် တို့အလုပ်သည်ကားလို့ ဆိုလို့ရှိရင် ဖြင့် တို့စရိုက်နဲ့ တည့်မတည့်ဟာဖြင့်၊ ရှုစရာမရှိလို့ရှိရင်ဖြင့် ဝေဒနာကို နာမည်တပ်ပြီး ပြောလိုက်ရပါတယ်၊ အမြင်မှာ ဖြစ်ပျက်ပါပဲ. . . (မှန်ပါ့)။

www.dhammadownload.com



အမြင်တွေ့ရမှာကတော့. . . (ဖြစ်ပျက်ပါ) ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ကောင်းပြီ. . . ဒါဖြင့် ဒီလိုသိတဲ့အခါကျဖို့ရှိရင်ဖြင့် တို့သည်ကားလို့ဆိုရင်ဖြင့် အဲဒီ အချိန်ကစပြီးသကာလ **"အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ"**။

## ဖြစ်ပျက်တွေ့ရင်မပူနဲ့တော့

ဘိက္ခဝေ = ရဟန်းတို့။ အယံ = ဤဖြစ်ပျက် မြင်တဲ့ ပုဂ္ဂိုလ်ကို။ အသင်္ခတဂါမိမဂ္ဂေါ = မသေရာမှန် ပြည်နိဗ္ဗာန်သို့ ရောက်ကြောင်းအဖြစ်သို့ လမ်းပေါ်တက်မိသည်မည်၏ဟူ၍၊ ဝုစ္စတိ = ဆိုအပ်၏ . . . (မှန်ပါ့ဘုရား)။

ဘာမှမပူနဲ့တော့. . . (မှန်ပါ့) ဖြစ်ပျက်တွေ့နေလို့ရှိရင်ဖြင့် ဘာမှမပူနဲ့တော့. . . (မှန်ပါ့) မသေရာမှန် ပြည်နိဗ္ဗာန်ဆိုတဲ့ အသင်္ခတခေတ်၊ အသင်္ခတဆိုတာ နိဗ္ဗာန်နော်. . . (မှန်ပါ့) ဂါမိမဂ္ဂေါဆိုတာ. . . ရောက်ကြောင်း. . . (မှန်ပါ့)။

အဲ. . . မသေရာမှန် ပြည်နိဗ္ဗာန်သို့ ရောက်ကြောင်းဟာဖြင့် ကိုယ့်ကိုယ်ကို ဒကာ ဒကာမတွေက ဆုံးဖြတ်ချက်ချချင်လို့ရှိရင် ငါရောက်မည့်ပုဂ္ဂိုလ်လား၊ မရောက်မည့် ပုဂ္ဂိုလ်လားဆိုတာကို ဘာနဲ့မှ ဒီဂရီ (degree) မထိုးဘဲနဲ့ ခန္ဓာထဲ စိတ်ရှုလို့ စိတ်ဖြစ်ပျက်တွေ့တဲ့ပုဂ္ဂိုလ်. . . (မှန်ပါ့ဘုရား)။

www.dhammadownload.com



## ငါနိဗ္ဗာန်ရောက်မည့်ပုဂ္ဂိုလ်အစစ်

ရုပ်ရှုလို့ ရုပ်ဖြစ်ပျက်တွေ့တဲ့ပုဂ္ဂိုလ် - (မှန်ပါ့)၊ ရုပ်ကလေးတွေ မရှိဘူး-မရှိဘူး၊ ခုနင်က ရုပ်ကလေး အခုမရှိဘူး၊ ခုနင်က နာမ်ကလေး အခုမရှိဘူး၊ ခုနင်က ဝေဒနာကလေး အခုမရှိဘူး၊ ခုနင်က စိတ်ကလေး အခုမရှိဘူး. . . (မှန်ပါ့ဘုရား)။

အဲဒီ မရှိမှုကလေးကို ရှိရာက မရှိမှုကလေး သိမှုကို တွေ့လို့ရှိရင် ငါနိဗ္ဗာန်ရောက်မည့်ပုဂ္ဂိုလ်အစစ်လို့ ဆုံးဖြတ်ချက်ချ (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်မည့် ပုဂ္ဂိုလ်အစစ်ကိုလည်း ခင်ဗျားတို့ ဘုရားဟော ပါဠိတော်နဲ့ ယနေ့ဝေဖန်ပေးပါတယ် (မှန်ပါ့) ဝေဖန်ပေးလိုက်တော့ကို မရှိတာတွေ့မှ . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ရှိရာကမရှိတာတွေ့မှ အနိစ္စ

ဝေဒနာရှုပြန်လဲ. . . (မရှိတာတွေ့မှပါဘုရား)။ စိတ်ရှုပြန်လဲ. . . (မရှိတာတွေ့မှပါဘုရား)။

ဒါလဲ သူလုံးဝမရှိတာက မရှိတာမဟုတ် (မှန်ပါ့) ရှိရာက မရှိတာတွေ့ရမယ်. . . (မှန်ပါဘုရား)။

www.dhammadownload.com



ဦးသန်းမောင် မှတ်မိပလား . . . (မှတ်မိပါပြီ) ရှိရာက . . . (မရှိတာတွေ့ရပါမယ်ဘုရား)။

နဂိုက ဒီနေရာမှာ ဒိပ္ပစ္စည်းလေးရှိတယ် . . (မှန်ပါ့) အခု သွားကြည့်တော့ မရှိဘူး . . (မှန်ပါ့) ဩော် . . . မရှိဘူးဆို ပြီး ရှိရာက မရှိတာသိမှ အနိစ္စ . . . (မှန်ပါ့ဘုရား)။

ရှိရာက . . . (မရှိတာသိမှ အနိစ္စပါဘုရား) အဲ . . . ရှိရာက မရှိတာသိမှသာလျှင် အနိစ္စလည်းဆို၊ အနတ္တလက္ခဏာ လည်းဆို . . . (မှန်ပါ့ဘုရား) သိတာဟာ အနိစ္စဉာဏ်လည်း ဖြစ်သွားပါတယ် . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်များ ကိုယ့်အခြေအနေကို ကိုယ် အကဲခတ်ချင်တယ်၊ ငါ ဒီဘဝ နိဗ္ဗာန်ရောက်လား . . . မရောက်ဘူးလားလို့ ကိုယ့်ဟာကိုယ် စောဒနာပြီး သကာလ ကိုယ့်ဟာကိုယ် စစ်ဆေးဖို့ရာလည်း ဆရာဘုန်းကြီးက နည်းပေး လိုက်တာ၊ ရှိရာက မရှိတာကိုသိတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိရင် ဒီဘဝ ရောက်နိုင်တဲ့ပုဂ္ဂိုလ်ပဲ . . . (မှန်ပါ့) ပေါ်ပလား ဒကာကြွယ် . . . (ပေါ်ပါပြီဘုရား)။

## ဒီဘဝနိဗ္ဗာန်ရောက်နိုင်တဲ့ပုဂ္ဂိုလ်

ရှိရာက မရှိတာကိုတွေ့အောင် ဖမ်းနိုင်တဲ့ပုဂ္ဂိုလ်ဟာ ဘာတုံး . . . (ဒီဘဝ နိဗ္ဗာန်ရောက်နိုင်တဲ့ ပုဂ္ဂိုလ်ပါဘုရား)။

www.dhammadownload.com



ဒီဘ၀ နိဗ္ဗာန်ရောက်နိုင်တဲ့ပုဂ္ဂိုလ်ပဲဆိုရင် ဗေဒင်သွားမေးမနေနဲ့၊ သူကအမှန်. . . (မှန်ပါ့ဘုရား)။ ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

ရှိရာက (မရှိတာတွေ့ပါတယ်) ရှိရာက မရှိတာတွေ့တယ် (မှန်ပါ့) အဲဒါတွေ့လို့ရှိရင် အစကလေး တွေ့လို့ရှိရင်လည်း တစ်ကိုယ်လုံးက 'သဗ္ဗေ သင်္ခါရာ အနိစ္စ' လို့ဆိုသောကြောင့် တောက်လျှောက်တန်းတွေ့တယ် . . . (မှန်ပါ့ဘုရား)။

ဟိုနေရာက ဖျတ်ဖျတ်၊ ဒီနေရာက ဖျတ်ဖျတ်နဲ့တွေ့တာပဲ. . . (မှန်ပါ့)တွေ့လို့ရှိရင် လိုက်ပေတော့. . . (မှန်ပါ့ဘုရား)။

တွေ့လို့ရှိရင် ဒကာ-ဒကာမတို့ ဝိပဿနာနည်းပေးပြီ (မှန်ပါ့) ကိုယ့်ပါရမီစုံလို့ ငါနိဗ္ဗာန်ရောက်မည့် ပုဂ္ဂိုလ်ဆိုတာကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချပြီးသည့်နောက်ကို တွေ့စလည်းပြုပါရော ဒကာသစ်ရေ အကုန်လျှောက်လိုက် (မှန်ပါ့ဘုရား)။

အကုန်လျှောက်လိုက်တဲ့အခါကျတော့ ဒကာဒကာမတွေ့ ယောက်ျားပျောက်၊ မိန်းမပျောက်၊ ပုဂ္ဂိုလ်ပျောက်၊ သတ္တဝါပျောက်. . .. (မှန်ပါ့ဘုရား)။

www.dhammadownload.com



## ဝိပဿနာဉာဏ်က ဒိဋ္ဌိသတ်တယ်

ဒါ. . . ပျောက်ချင်လို့ ပျောက်တာလားလို့မေးတော့မှ ခုနင်က ရှုတဲ့ ဝိပဿနာက ဒိဋ္ဌိသတ်ပစ်လိုက်တယ် . . . (မှန်ပါ့ဘုရား)။

ရှုတဲ့ဝိပဿနာက. . . (ဒိဋ္ဌိသတ်ပါတယ်) ဒိဋ္ဌိသတ်ပစ်လိုက်တာနဲ့ပဲ ဩော်. . . ဖြစ်ပြီးပျက်တဲ့ ဓမ္မတွေ အစုပါ လား. . . (မှန်ပါ့ဘုရား)။

ဖြစ်ပြီးပျက်တဲ့ဓမ္မတွေ အစုပါကလားလို့ ဆိုပြီး သကာလ၊ ဒီဉာဏ်က ဖြစ်ပြီးပျက်တဲ့ဓမ္မတွေပဲ မြင်နေတော့ ယောကျာ်း လည်းမတွေ့၊ မိန်းမလည်းမတွေ့၊ ငါလည်းမတွေ့၊ သူလည်း မတွေ့ ဖြစ်ပျက်မှုတွေသာ တွေ့နေတော့မှ ဩော်. . . ဝိပဿနာဉာဏ်သည် ဒိဋ္ဌိသတ်နေတာပါကလားဆိုတာ ပေါ်လာတယ်. . . (ပေါ်ပါပြီဘုရား)။

ဘာသတ်နေတာတုံး. . . (ဒိဋ္ဌိသတ်နေတာပါ) ဒိဋ္ဌိ သတ်နေတာဆိုတာ သေချာပြီ. . . (သေချာပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဒိဋ္ဌိသတ်-ဒိဋ္ဌိသတ် ဆိုတဲ့ ဥစ္စာသည် ဒကာ ဒကာမတို့ ကိုယ့်အမြင်နဲ့ ကိုယ့်ဉာဏ်ထဲက သတ်ရမှာ. . . (မှန်ပါ့ဘုရား)။

ကိုယ့်အမြင်ကိုက ခန္ဓာကိုယ်ထဲကြည့်လိုက်တယ်၊ ဝေဒနာကြည့်လိုက်ပြန်လည်း ဖြစ်မှုပျက်မှုပဲတွေ့တယ်. . . (မှန်ပါ့) စိတ်ကြည့်လိုက်ပြန်လည်း . . . (ဖြစ်မှုပျက်မှုပဲ တွေ့ပါတယ်ဘုရား)။

www.dhammadownload.com



ဖြစ်မှုပျက်မှုတွေ့နေတော့ ဝေဒနာလည်း ငါရယ်လို့ မထင်တော့ဘူး. . . (မှန်ပါ့) အရင်တုန်းကတော့ ငါနာတယ် . . . (မှန်ပါ့) ငါကောင်းစားတယ် (မှန်ပါ့) အင်း. . . ဝေဒနာကို ငါချည့်လုပ်နေကြတယ်၊ မဟုတ်ဘူးလား. . . (မှန်ပါ့)။

ဝေဒနာ ငါချည့်လုပ်နေတော့ ငါ့ဟာငါ မရှိ-မရှားကွာ ဘယ်သူ့အရေးစိုက်ရမှာတုံးဆိုတော့ ဥပေက္ခာ ဝေဒနာငါလုပ်နေတာ. . . (မှန်ပါ့)။

## သုခဝေဒနာငါလုပ်တယ်

ငါချမ်းသာတာ ဘယ်သူနဲ့ ဘာဆိုင်ရမှာတုံးကွဆိုတော့ သုခဝေဒနာ ငါလုပ်တယ်. . . (မှန်ပါ့) မလုပ်ဘူးလား. . . (လုပ်ပါတယ်ဘုရား)။

ငါ့ဟာငါ ဆင်းရဲနေတာကွ. . . ဘယ်သူ့ဆီတောင်းစားမှာမှတ်လို့၊ ဒုက္ခဝေဒနာကို ငါလုပ်ပြန်တယ်. . . (မှန်ပါ့) ခင်ဗျားတို့ ငါတွေကလဲ တယ်ပေါပါကလား. . . (မှန်ပါ့)။

ငါဘယ်နှစ်ငါရှိပြီလဲ. . . (မရေတွက်နိုင်ပါ) သုံးငါထားပါတော့. . . (မှန်ပါ့)။

## ဒုက္ခဝေဒနာငါလုပ်တယ်

သုံးငါထားပါတော့ ဦးလှဘူးရ. . . (မှန်ပါ့) ငါဆင်းရဲနေလို့ ဘယ်သူ့ဆီမှ ဆားတစ်လျက် မတောင်းပါဘူး၊ ဒါ. . .

www.dhammadownload.com



ဒုက္ခ ဝေဒနာကို ငါလုပ်တယ်. . . (မှန်ပါ့ဘုရား) မဟုတ် ဘူးလား . . . (ဟုတ်ပါတယ်ဘုရား)။

ငါ့ကာံနဲ့ငါချမ်းသာတဲ့ဥစ္စာကွာ. . . ဘယ်သူ့ ဂရုစိုက် စရာ လိုသေးသတုံး၊ ဒါက ဘာကိုငါလုပ်တာတုံး. . . (သုခဝေဒနာကို ငါလုပ်ပါတယ်ဘုရား)။

ငါကမရှိမရှားကွ၊ အဲဒါကြောင့် ဘယ်သူ့လက်အောက်မှ ငါမကျသေးပါဘူးဆိုတော့ ဥပေက္ခာဝေဒနာ ငါလုပ်တယ်. . . (မှန်ပါ့) ဒီသုံးငါလုပ်နေတယ်. . . (မှန်ပါ့)။

## ဘယ်ဝေဒနာဖြစ်ဖြစ်၊ ဖြစ်ပြီးပျက်တယ်

အဲဒါ ခင်ဗျားတို့ဟာ ဝိပဿနာမရှုရင် ဝေဒနာသုံးပါး ငါလုပ်နေတာပဲ. . . (လုပ်ပါတယ်) ဝိပဿနာ ရှုလိုက်တော့ ဘယ်ဝေဒနာကြည့်လိုက် ကြည့်လိုက် ဖြစ်ပြီးပျက်သွားတာပဲ . . . (မှန်ပါ့ဘုရား)။

သုခကိုကြည့်လိုက်ပြန်လဲ. . . (ဖြစ်ပြီးပျက်သွားပါတယ်) ဒုက္ခ ကြည့်လိုက်ပြန်လဲ. . . (ဖြစ်ပြီပျက်သွားတယ်) ဥပေက္ခာကြည့် လိုက်ပြန်လဲ. . . (ဖြစ်ပြီးပျက်သွားပါတယ်ဘုရား)။

ဖြစ်ပြီးပျက်သွားတာကလေးတွေ မြင်လိုက်တော့ ဩော်. . . ဝိပဿနာဆိုတာသည် ဒကာ ဒကာမတို့ ဒိဋ္ဌိသတ်တာပါကလား . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

www.dhammadownload.com



## ရှုရင်းသေရင်အပါယ်မကျ

ဝိပဿနာဆိုတာ ဘာတုံး. . (ဒိဋ္ဌိသတ်တာပါ) ဩော် . . . ဒကာ ဒကာမတို့ ဝိပဿနာဟာ ဒိဋ္ဌိသတ်တာဆို တာ သိသွားတော့မှ ဝိပဿနာရှုရင်း သေရင် အပါယ်မကျဘူး ဆိုတာ ဩော်. . . ဒိဋ္ဌိမရှိလို့မကျတာကိုး . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဝိပဿနာရှုရင်း သေသွားရင်. . . (အပါယ်မကျပါ) ဘာ ဖြစ်လို့မကျတာတုံး. . . (ဒိဋ္ဌိမရှိလို့ပါ) ခင်ဗျားတို့ ကုသိုလ်ရလို့ မကျတာထင်နေတယ်. . . (မှန်ပါ့) လွဲလိုက်တဲ့ ဖြစ်ခြင်း. . . (မှန်ပါ့) ကုသိုလ်ရလို့ မကျတာမဟုတ်ဘူး(မှန်ပါ့)။

ဒကာသစ် ဘာကြောင့်တုံး. . .(ဒိဋ္ဌိမရှိလို့ မကျတာပါ ဘုရား) ဒိဋ္ဌိသတ်လို့ . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ကုသိုလ်ရလို့ဆိုရင်မလာခဲ့နဲ့

ဒါဖြင့် ဝိပဿနာအလုပ်ဟာ ကုသိုလ်ရလို့ သွားလုပ်ဦး မယ်ဆိုရင် ခင်ဗျားတို့ ဒီတော့မလာခဲ့ကြနဲ့ . . . (မှန်ပါ့)။

ဝိပဿနာသွားလုပ်ချေဦးမယ် ကုသိုလ်တော့ ဖြစ်တယ် . . . (မှန်ပါ့) အလကားပဲ ဒီဥစ္စာ (မှန်ပါ့) အလကား၊ အလကား ပဲတဲ့၊ ဒကာ ဒကာမတို့ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)။

www.dhammadownload.com



ဝိပဿနာဆိုတာ ဖြစ်ပျက်မြင်လို့ရှိရင် ဘာသေသေတုံး . . . (ဒိဋ္ဌိသေပါတယ်) အမြစ်နဲ့တကွတော့ မသေသေးဘူးပေါ့ ဗျာ . . . (မှန်ပါ့ဘုရား)။

## အနုသယဒိဋ္ဌိတော့ကျန်တယ်

ပရိယုဋ္ဌာနဆိုတဲ့ ထကြွ သောင်းကျန်တဲ့ ဒိဋ္ဌိတော့ ဒကာ ဒကာမတို့ ပြုတ်သွားတယ် . . . (မှန်ပါ့) အနုသယဆိုတဲ့ ဝမ်းထဲက ဒိဋ္ဌိတော့ ကျန်သေးတယ် . . . (မှန်ပါ့) ကျန်ချင် ကျန်ပါစေကိစ္စမရှိဘူး . . . (မှန်ပါ့)။

ကျန်ချင်ကျန်ပစေ ဘုန်းကြီးများက တာဝန်ခံပါတယ် ကိစ္စမရှိဘူး . . . (မှန်ပါ့) ဒါဟာ ခင်ဗျားတို့ သူသည် မဂ်စစ် မဟုတ်သေးဘူး၊ ဝိပဿနာမဂ်မို့ ဒိဋ္ဌိကိုဒါယောက်ပဲ သတ်နိုင် တာ . . . (မှန်ပါ့) တကယ့် လောကုတ္တရာမဂ်ဆိုလို့ရှိရင် အမြစ်နဲ့တကွ ပြတ်ပါတယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## လောကုတ္တရာမဂ်က အမြစ်ပါပြတ်တယ်

လောကုတ္တရာ မဂ်ဆိုရင် (အမြစ်နဲ့တကွ ပြတ်ပါတယ်) အမြစ်နဲ့တကွ ပြတ်တယ် . . . (မှန်ပါ့) ဝိပဿနာမဂ်ကတော့

www.dhammadownload.com



အမြစ်နဲ့တကွ မပြတ်ဘူး၊ မိုးကျရင် ပေါက်ဦးမှာပဲ. . . (မှန်ပါ့) မိုးကျရင် ပေါက်ဦးမှာပဲ ဝိပဿနာမဂ် သတ်ထားတာက . . . (မှန်ပါ့)။

ဟို. . . ကျုပ်တို့ မုန်ညင်းမြက်ကလေးတွေလိုပေါ့၊ အပေါ်ကနေ တူရွင်းပေါက်ပြားကလေးနဲ့ ထိုးလိုက်တော့ ဒကာ သစ်ရေ့ မြက်မရှိဘူးထင်ရတယ်. . . (မှန်ပါ့)။

အင်း. . . နည်းနည်းကလေး မိုးကလေးလာတော့ (ပေါက်ပါတယ်ဘုရား)။

အဲ. . . ဝိပဿနာက နှင်းမိုးမလာခင် ပြောင်ချော နေတာနဲ့ တူတယ်. . . (မှန်ပါ့) ဥကိုတူးထားတာ မဟုတ်သေး ဘူး. . . (မှန်ပါ့) လောကုတ္တရာမဂ်ကမှ ဥတူးရမှာ (မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

အံမာလေး . . . အတော်ရှင်းရတယ် ဦးမာဒင့်ရေ၊ အလုပ်စခန်း ပြောတော့မယ်ဆိုတော့ မလွယ်ဘူးနော် (မှန်လှပါ ဘုရား)။

ကိုင်း . . . ဒါဖြင့် ဒကာဒကာမတို့ ရှုပါပြီတဲ့၊ ရှုတော့ မရှိတာကလေးတွေ တွေ့တယ် . . . (မှန်ပါ့ဘုရား) မရှိတာ ကလေးတွေချည့် တွေ့တယ်၊ ရှိရာက မရှိတာကလေးတွေ . . . (တွေ့ပါတယ်ဘုရား)။

www.dhammadownload.com



## နိဗ္ဗာန်ရောက်မည့် ပုဂ္ဂိုလ်ထဲ မိမိပါတယ်

တွေ့တော့ ကြော် . . . ဒါဖြင့် မိမိစရိုက်နဲ့ နိဗ္ဗာန်ရောက်မည့် ပုဂ္ဂိုလ်ထဲတော့ မိမိအပါအဝင်ဖြစ်ပြီ . . . (မှန်ပါ့)။

ဘာ့ကြောင့်တုံး ဘုရားက . . . 'ကတမောစ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ' အဘယ်တရားသည် နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ပါလိမ့်မလဲတဲ့ . . . . (မှန်ပါ့)။

ဝိပဿနာလို့ ဖြေတော့ ကိုယ်က ဝိပဿနာ လုပ်တော့ ဝိပဿနာဉာဏ်က ရနေတယ် . . . (မှန်ပါ့) မရှိတာသိတာက ဝိပဿနာဉာဏ်ကိုး . . . (မှန်ပါ့)။

မရှိတာသိတာက . . . (ဝိပဿနာဉာဏ်ပါဘုရား)။

ဝိပဿနာဉာဏ် ရပြီးနေကတည်းက ဒကာသစ် ကိုယ့်ဟာကိုယ် ဘယ်လိုဆုံးဖြတ်ချက်ချမလဲ၊ နိဗ္ဗာန်ရောက်မည့် ပုဂ္ဂိုလ်ပဲ (မှန်ပါ့)။

ဒကာ-ဒကာမတွေ ဘယ်လိုပါလိမ့် . . (နိဗ္ဗာန်ရောက်မည့် ပုဂ္ဂိုလ်ပါဘုရား) နိဗ္ဗာန်ရောက်မည့်ပုဂ္ဂိုလ်ပဲလို့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချလိုက် . . . (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

www.dhammadownload.com



## ပါရမီပြည့်စုံပြီးသားတွေ

အဲဒီတော့ ခင်ဗျားတို့ ပါရမီရှိ-မရှိကို အပျက်မြင်တာကို တွေ့လိုက်လို့ရှိရင်ဖြင့် ပါရမီဆိုတဲ့ဥစ္စာ ပြည့်စုံပြီးသား ဆိုတဲ့ ဥစ္စာ ပေါ်လာတယ် . . . (မှန်ပါ့)။

ပါရမီဆိုတာ (ပြည့်စုံပြီးသားပါဘုရား) ပြည့်စုံပြီးသား ဆိုတာ ပေါ်ပြီးသကာလ လာတယ်ဆိုတာဖြင့် ရှင်းလောက်ပါပြီ . . . (မှန်ပါ့ဘုရား)။

ကဲ . . . ဒကာကြွယ် နေရာကျပလား . . . (ကျပါပြီ) ဒါနဲ့ပဲတဲ့ ဝိပဿနာဆိုတာ နိဗ္ဗာန်သို့ ရောက်ကြောင်းမဂ်လို့ ဘုရားကလည်း သံယုတ်ပါဠိတော်ကြီးမှာ သေသေချာချာ ဟောနေတော့ ဟုတ်သားပဲ၊ သောတာပန်ဖြစ်ချင်ရင် ဒီနည်း သတ်ဖို့ အလုပ်ပဲရှိတယ် . . . (မှန်ပါ့ဘုရား)။

အခုကြည့်စမ်း၊ အပျက်မြင်လိုက်ကတည်းက ငါလည်း မဟုတ် ငါ့ဥစ္စာလည်းမဟုတ်ဆိုတာ ခင်ဗျားတို့ ဉာဏ်ထဲ ဆုံးဖြတ်ချက် ကျပါပြီ . . . (ကျပါပြီဘုရား)။

ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ဖြစ်ရင် အပျက်မြင်လိုက်ကတည်းက ငါရော၊ ငါ့ဥစ္စာရော ဟုတ်သေးရဲ့လား . . . (မဟုတ်ပါဘုရား) သုခဝေဒနာရော ငါ ငါ့ဥစ္စာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား)။

www.dhammadownload.com



ဥပေက္ခာဝေဒနာရော . . . (ငါ-ငါ့ဥစ္စာမဟုတ်ပါ) အပြောကျန့်ချင် ကျန်မယ်ပေ့ါလေ၊ ထင်ချက်ကတော့ မရှိပါဘူး . . . (မရှိပါဘုရား)။

## ငါဟာ သာမညပုဂ္ဂိုလ်မဟုတ်ဘူး

ဒီလိုဆိုလို့ရှိရင်ပဲ အားလုံး ဒကာဒကာမတွေ ဆုံးဖြတ်ချက်ချလိုက်. . . (မှန်ပါ့) ဩော် . . . ငါဟာ သာမညပုဂ္ဂိုလ်မဟုတ်ဘူး၊ နောက်ဆုံးပိတ်ဘဝ ရောက်ပါပေ့ါလားလို့ ဆုံးဖြတ်ချက်ချ . . (မှန်ပါ့) သံသရာခရီးသည် အမြုပ်သမား အမျောသမားတော့ မဟုတ်ဘူးဟေ့ . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား) အဆန်သမားသက်သက်ဖြစ်ပြီဟေ့ . . . (မှန်ပါ့)။

အမြုပ်သမား၊ အမျောသမားတော့ . . . (မဟုတ်ပါဘုရား) အဆန်သမားသက်သက် ဖြစ်ပြီ (မှန်ပါ့ဘုရား) အဆန်သမား သက်သက် ဖြစ်ပြီလို့ ဦးသန်းမောင်တို့ ဆုံးဖြတ်ချက်ချ (မှန်ပါ့)။

ဘာဖြစ်လို့ ဆုံးဖြတ်ချက် အချခိုင်းရသတုံးဆိုတော့ မဂ္ဂင်ဆိုတာ အထက်သာဆန်တယ် . . . (မှန်ပါ့) အပါယ်လေးပါး အောက်စုန်တယ်လို့ မရှိဘူး . . . (မရှိပါဘုရား) အငြိစိအစရှိသော အောက်မြုပ်တယ်လို့လဲ . . . (မရှိပါဘုရား)။

www.dhammadownload.com



## ငါသည် အဆန်သမားသက်သက် ဖြစ်ပြီ

ဪ . . ဒါဖြင့် ငါသည် အမျှောသမား၊ အမြုပ်သမားတော့ မဟုတ်ဘူး၊ အဆန်သမားသက်သက် ဖြစ်ပြီလို့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဆန်နိုင်တဲ့ မဂ္ဂင်ဖောင်တော့ ရ,ထားပြီ . . . (ရ,ထားပါပြီဘုရား) သို့သော် . . . အပျင်းမဖက်ပါနဲ့၊ အထက်ဆန်ရတယ်ဆိုတာ အောက်စုန်ရသလောက်တော့ မလွယ်ဘူး . . . (မှန်ပါ့)။

ဘယ်လိုဆုံးဖြတ်ချက်ချရမလဲ (အထက်ဆန်ရတာ အောက်စုန်ရသလောက်တော့ မလွယ်ပါဘုရား)။

ဒါလဲ . . . သိပြီးသားပေမယ့် ဖော်ပြရသေးတယ် ဆရာ ဘုန်းကြီးက . . . (မှန်ပါ့) ဘာဖြစ်လို့တုံး လူကြီးတွေမို့ပါ . . . (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဘာဖြစ်လို့တုံး . . . (လူကြီးတွေမို့ပါဘုရား) လူကြီးတွေမို့ ဖော်ပြောနေရတယ်၊ ခင်ဗျားတို့လည်း ရှက်ဖို့ ကောင်းပါတယ် . . . (မှန်ပါ့) ရှက်ဖို့ကောင်းပါတယ် . . . တဲ့။ သို့သော်လည်း မရှက်တတ်ရင်လည်း မတတ်သာဘူးပေါ့ဗျာ။

www.dhammadownload.com



## သဒ္ဓါနဲ့ ဝီရိယပို့ပေးရတယ်

ကဲ. . . ဒါဖြင့် ဒကာဒကာမတို့ အဆန်သမားဆိုတာ ဒို့ထက် ဝီရိယပို့ပေးရတယ် . . . (မှန်ပါ့) ဒို့ထက် သမာဓိကော (ပို့ပေးရပါတယ်ဘုရား) ဒို့ထက် သဒ္ဓါကော . . . (ပို့ပေးရပါတယ်ဘုရား) ဒီထက် ပညာကော . . . (ပို့ပေးရပါတယ်ဘုရား) အဲဒီတော့ ဣန္ဒြေကို ရင့်အောင်လုပ်ပေး . . . (မှန်ပါ့)။

ဘုရားက 'ဣန္ဒြိယပရောပရိယတ္တိဉာဏ်' ဆိုတဲ့ဉစ္စာ လုပ်ပါများမှ ရင့်သတဲ့ . . . (မှန်ပါ့)။

'ဣန္ဒြိယပရောပရိယတ္တိဉာဏ်' ဆိုတဲ့ဉစ္စာ . . . (လုပ်ပါများမှ ရင့်ပါတယ်ဘုရား)။

သဒ္ဓါလဲ လုပ်ပါများတော့ သဒ္ဓါဟာ သဒ္ဓိန္ဒြေ၊ သဒ္ဓါဗိုလ် ဖြစ်တယ် . . . (မှန်ပါ့) ရှေးဦးစွာတော့ သဒ္ဓါရိုးရိုးကို (မှန်ပါ့) နောက်ကျတော့ သဒ္ဓိန္ဒြေဖြစ်လာတယ် . . . (မှန်ပါ့) အစိုးရတဲ့ သဘောဖြစ်လာတယ် . . . (မှန်ပါ့ဘုရား) နောက်ကျတော့ ဗိုလ်ကိုပဲသွားတယ် . . . (မှန်ပါ့) လုပ်ပါများတော့ ထက်လာတယ် . . . (မှန်ပါ့)။

ဝီရိယကလည်း ဝီရိယရိုးရိုးတစ်မျိုး၊ ဝီရိယိန္ဒြေတစ်မျိုး၊ ဝီရိယဗိုလ်တစ်မျိုး . . . (မှန်ပါ့) ဒါ ဘယ့်နှယ်ကြောင့် ဒီလို နာမည်တွေ ပြောင်းပါလိမ့်မတုံးမေးတော့ ဘယ့်နှယ် ဖြေကြမလဲ . . . (လုပ်ပါများလို့ပါဘုရား)။

www.dhammadownload.com



## လုပ်ပါများလို့ အဆင့်အတန်းတက်တယ်

လုပ်ပါများလို့ ဒကာဒကာမတို့ အလုပ်စဉ်လည်း များလို့ အဆင့်အတန်းတက်သွားတာပါ . . . (မှန်ပါ့)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ . . . (အလုပ်စဉ် များလို့ အဆင့်အတန်း တက်သွားတာပါဘုရား)။

အဲဒီတော့ ငါ မဂ္ဂင်ဖောင်တော့ စီးမိနေပြီကွ ဆိုငြား သော်လည်း၊ အဆင့်အတန်း ပိုမိပြီးသကာလ အရင်လှော်တာ တစ်ချက်ဆိုရင်၊ နောက်လှော်တာ တစ်စက္ကန့်ကို နှစ်ချက် လောက်၊ သုံးချက်လောက် ပြင်းထန်အောင်တော့ လုပ်ရမှာပဲ ဗျာ . . . (မှန်ပါ့) မလုပ်ရင် တော်ပါ့မလား . . . (မတော်ပါ ဘုရား) မတော်မျှောသွားရင် ခက်ရချည့်ရဲ့ . . . (မှန်လှပါ ဘုရား) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

မျှောရင်တော့ဖြင့် ခင်ဗျားတို့ ငါးပါးအာရုံကာမဂုဏ်ထဲ ရောက်မယ် . . . (မှန်ပါ့) မရောက်ပေဘူးလား . . . (ရောက် ပါတယ်ဘုရား)။

ဒီကနေ မျှောလိုက်၊ ရန်ကုန်ကျရင် ငါးပါးအာရုံ ကာမဂုဏ်ထဲ မျှောလိုက် . . (မှန်ပါ့) မျှောပြီးသကာလ ဝဲထဲ မျှောပါများတော့ သစ်ရွက်ကလေးဟာ ဦးမာဒင် ဘယ်လိုနေ သလဲ . . . (မြုပ်ပါတယ်ဘုရား) ရိပ်မိပလား . . . (ရိပ်မိပါပြီ ဘုရား)။

www.dhammadownload.com



အတော် ကြောက်စရာကောင်းတယ် . . . (ကောင်းပါတယ်ဘုရား) လည်လို့ရှိရင် မြုပ်တော့မလို့သာမှတ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် မျှော့မှုကြောင့် လည်မှုတွေ့၊ လည်မှုကြောင့် မြုပ်မှုတွေ့တယ် . . . (မှန်ပါ့) ဒါကိုလဲ စိုးရိမ်ရတယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကဲ . . . ဒါဖြင့် ဒကာဒကာမတို့ ဉာဏ်တက်ပေးလိုက်မယ် . . . (မှန်ပါ့) ဖြစ်ပျက်ကလေးတွေ မြင်လာတဲ့ အခါကျတော့ သဒ္ဓါကလဲ အရင်သဒ္ဓါနဲ့ မဘူဘူး . . . (မှန်ပါ့)။

## ဣန္ဒြေဆိုတာ အစိုးရတယ်

ဘုရားဟောတော်မူတာ မှန်လိုက်တာ၊ အနိစ္စရှိလို့ အနိစ္စသိရတာ ဟုတ်လိုက်တာ . . . (မှန်ပါ့ဘုရား) သဒ္ဓါက တက်လာတော့ သဒ္ဓိန္ဒြေ ဖြစ်လာတယ် . . . (မှန်ပါ့) သဒ္ဓိန္ဒြေ ဆိုတာ သဒ္ဓါလဲ ဖြစ်တယ်၊ ဣန္ဒြေဆိုတာ အစိုးရတယ် . . . (မှန်ပါ့)။

ဒီပြင် တရားတွေ ဝင်မယ်ဆိုရင် သူက သားကိစ္စ၊ သမီးကိစ္စ၊ ဆွေကိစ္စ၊ မျိုးကိစ္စတွေ ဝင်မယ်ဆိုရင် ဣန္ဒြေက ပေးမလာခဲ့နဲ့ . . . (မှန်ပါ့) သူက ဣန္ဒြေက တားနေတယ် . . . (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

www.dhammadownload.com



ဣန္ဒြေက တားတယ်၊ အဲဒါကြောင့် ဘုန်းကြီးတို့ ဆီမှာ တရားအားထုတ်တဲ့ ဒကာဒကာမတွေ အိမ်လည်းမပြန်တော့ဘူး မသွားလည်း မသွားချင်တော့ဘူး၊ ဒီဟာနဲ့ပဲ နေချင်တယ် ဆိုသူ ခက်နေတယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ) သဒ္ဓါက သဒ္ဓိန္ဒြေဖြစ်နေတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

နောက်ကျတော့ သဒ္ဓိန္ဒြေတောင်မှ မကတော့ဘူး၊ သဒ္ဓါက ဗိုလ်ဖြစ်လာတဲ့နေ့ကျတော့ နိဗ္ဗာန်မြင်တယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒကာဒကာမတွေကို ဒီဥစ္စာသည် ပွတ်နိုင်မှ ပြောင်တဲ့ဝတ္ထုပစ္စည်းမျိုးလို . . . (မှန်ပါ့) ဒီမှာလဲ ကြိုးစားနိုင် သလောက် ကြိုးစားလို့ရှိရင်ဖြင့် ငါ . . . ခရီးမှ ပေါက်ပါ့မလား ဆိုတာ ဒါ . . . ဘာမှမစိုးရိမ်နဲ့ . . . (မှန်ပါ့)။

## အားစိုက်ပါများတော့ ဣန္ဒြေထိုက်တယ်

ဘာမှ တွေးမနေနဲ့ ဒကာဒကာမတို့ ဝီရိယကလေး တစ်ခုပဲ အားစိုက် . . . (မှန်ပါ့) စိုက်ပါများလာတော့ ဝီရိယက ဣန္ဒြေထိုက်တယ် . . . (မှန်ပါ့) ဣန္ဒြေဆိုတာ သူတစ်ပါး တရားတွေ လာမယ်ဆိုရင် ဟေ့ . . . မလာခဲ့နဲ့ . . ၊ သူက ကန့်ကွက်တယ် . . . (မှန်ပါ့ဘုရား)။

www.dhammadownload.com



နောက် ဗိုလ်ထိုက်လာတဲ့အခါကျတော့ ဒီပြင်တရားတွေက အဖျက်တွေက လာငြားသော်လည်း အနားကို မသီရဲဘူး . . . (မှန်ပါ့) တရားကစောင့်သွားတယ် . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တရားစောင့်လို့ တရားက စောင့်တယ်ဆိုတာကော ပေါ်ပလား . . (ပေါ်ပါပြီဘုရား)။

တပည့်တော်တို့က ဘုရား . . . လုပ်တော့ လုပ်နေတာဘုရား့၊ အဖျက်တွေက တယ်များတယ် . . . (မှန်ပါ့)။

အို . . . သဒ္ဓါရိုးရိုးနဲ့ လုပ်နေတာကိုး ခင်ဗျားက ဣန္ဒြေမှ မထိုက်သေးဘဲ . . . (မှန်ပါ့) ဣန္ဒြေမထိုက်တော့ ခင်ဗျားတို့က ဖျင်းလို့ လာကြတာပဲ . . . (မှန်ပါ့) ဒါပြောရမှာပဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒကာကြွယ် ဒါဖြင့် ကိုယ့်အဖျင်း လူထဲ ထုတ်ပြောမနေ စမ်းပါနဲ့ . . . (မှန်လှပါဘုရား) တော်ပါ့မလား . . . (မတော်ပါ ဘုရား)။

ကဲ . . . ဒါဖြင့် ဒီလိုလုပ်ကြပါ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့ တွေ့တော့ ခင်ဗျားတို့က ရှေးဦးစွာ မေတ္တေယျဘုရားသခင်နဲ့တွေ့ပြီး ကျွတ်တမ်းဝင်ရပါလို၏လို့ တောင်းတဲ့ ပုဂ္ဂိုလ်တွေလဲ တစ်ပုံကြီးပေါ့ဗျာ . . . (မှန်ပါ့) မသိကြဘဲကိုး . . . (မှန်ပါ့ဘုရား)။

www.dhammadownload.com



## သဒ္ဓါသုံးဆင့်တက်ရမယ်

မသိကြတော့ ကိုယ်ကသဒ္ဓါရိုးရိုးကလေးနဲ့ အားထုတ်တယ် (မှန်ပါ့) သဒ္ဓါရိုးရိုးကလေးနဲ့ အားထုတ်ထားတော့ သဒ္ဓါက တက်စရာက သဒ္ဓိန္ဒြေဆိုတာ တက်ရဦးမယ် (မှန်ပါ့) တစ်ဆင့်တက်ရဦးမယ် . . . (မှန်ပါ့) ပြီးတော့ သဒ္ဓါက ဗိုလ်ကျအောင် တစ်ဆင့်တက်ရဦးမယ် . . . (မှန်ပါ့) ဘယ်နှစ်ဆင့်ရှိပြီလဲ . . . (သုံးဆင့်ရှိပါပြီဘုရား) သဒ္ဓါတစ်ဆင့်၊ ဣန္ဒြေထိုက်အောင်က . . . (တစ်ဆင့်ပါဘုရား) ဗိုလ်ထိုက်အောင်က (တစ်ဆင့်ပါ ဘုရား) သုံးဆင့်မရှိဘူးလား . . . (မှန်ပါ့)။

## ဘုရားနဲ့တွေ့ရပါလို၏

အဲဒီတော့ ကိုယ်က တစ်ဆင့်လောက်နဲ့ပဲ ဘုရားနဲ့တွေ့တယ် ထားပါတော့၊ ဘုရားနဲ့ လက်ဦးစွာ တွေ့ရပါလို၏ဆိုပြီး တွေ့တယ် . . . (မှန်ပါ့) ကိုယ်က သဒ္ဓါကလေးနဲ့သွားတွေ့ တယ် . . . (မှန်ပါ့) ဣန္ဒြေက မထိုက်သေးဘူး . . . (မှန်ပါ့) ဗိုလ်ကကော . . . (မထိုက်သေးပါဘုရား)။

မထိုက်သေးတော့ ဘုရားက မရင့်သေးဘူးဆိုပြီး သူ့အနားကို မကပ်ဘူး . . . (မှန်ပါ့) ဣန္ဒြေမထိုက်သေးဘူးတဲ့ . . . (မှန်ပါ့) ဗိုလ်ကော . . . (မထိုက်သေးပါဘုရား)။

www.dhammadownload.com



မထိုက်သေးတော့ ဣန္ဒြေမရင့်သေးဘူးဆိုတာ ဒါကို ဆိုတာ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ ဆုတောင်းတော့ မပြည့်ဘူးလို့ မဆို နိုင်ဘူးပေါ့ဗျာ . . . (မှန်ပါ့) ဘုရားနဲ့ တွေ့ရပါလို၏ ဆိုလည်း ပန်းတစ်ပွင့်နဲ့လည်း သူတွေ့ချင်တွေ့လိုက်မှာပဲ . . . (မှန်ပါ့)။

သို့သော်လည်း ငါတွေ့ပဲ အောက်မေ့ ဒီက မရင့်လို့ ရှိရင် . . . (မှန်ပါ့) ရှင်းပလား . . (ရှင်းပါပြီဘုရား)။

## မရင့်သေးရင်တွေ့လည်းမကျွတ်ဘူး

မရင့်လို့ရှိရင်ဖြင့် တွေ့လည်း မကျွတ်ဘူး . . . (မှန်ပါ့) မှတ်မိကြပလား . . . (မှတ်မိပါပြီဘုရား)။

မရင့်လို့ရှိရင် . . . (တွေ့လည်းမကျွတ်ပါ) တွေ့လည်း မကျွတ်ဘူးဆိုတာ သေသေချာချာမှတ်ပါ . . . (မှန်ပါ) ဘာကြောင့်တုံးလို့ မေးတဲ့အခါကျတော့မှ ဒကာဒကာမတို့ သဒ္ဓါရိုးရိုးသာ ရှိသေးတယ် . . . (မှန်ပါ့) ဣန္ဒြေက မထိုက်သေးဘူး . . . (မှန်ပါ့) ဗိုလ်က မဖြစ်သေးဘူး . . . (မှန်ပါ့) အဲဒီဖြစ်ကာနီးမှ ဘုရားက လာတာ . . . (မှန်ပါ့ဘုရား)။

ခင်ဗျားတို့အတွက် ဘုန်းကြီးတို့လို တစ်ခါတည်း က,ကြီး ခ,ခွေးကစပြီး ပြမှာမဟုတ်ဘူး . . . (မှန်ပါ့ဘုရား) ဒီလိုသာ ပြရရင် ဘုရားက တစ်ယောက်ပြတာနဲ့ ဘုရားက ပရိနိဗ္ဗာန် စံမှာနဲ့

www.dhammadownload.com



အတော်ဖြစ်နေတယ် . . . (မှန်ပါ့) ရိပ်မိပလား . . . . (ရိပ်မိပါပြီဘုရား)။

## ကိုယ့်ဟာကိုယ်ရှင့်အောင်လုပ်

ခင်ဗျားတို့ သိပ်မျှော်မနေနဲ့ . . . (မှန်ပါ) မြန်မြန်ကိုယ့်ဟာကိုယ်ရှင့်အောင်လုပ်ထား . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ကဲ . . . ရှင့်တဲ့အဆုံး ကျပြန်တော့လည်း ဘုရားလိုသေးသလား မေးပြန်တော့လည်း. . . (မလိုတော့ပါ) မလိုတော့ပါဘူး၊ ဘုရားရှိတဲ့အခါသာ ရှင့်ခါနီးလာတာ . . . (မှန်ပါဘုရား)။

ဘုရားမရှိတဲ့အခါကျတော့ ကိုယ့်ဟာကိုရှင့်ပြီး ကိုယ့်ဟာကိုယ် အားထုတ်ရမှာပဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒကာဒကာမတွေ ပြောရတဲ့စကားကလည်း ဦးမာဒင်ရေ နည်းတာတွေ မဟုတ်ဘူး . . . (မှန်ပါ့) မနည်းဘူး . . . မနည်းဘူး၊ သင်ရတာကတစ်မျိုး၊ သိပါစေတော့လို့ ပြောရတာကတစ်မျိုး (မှန်ပါ့) ခင်ဗျားတို့ကလည်း အလွယ်ကလိုချင်နဲ့ ကိုယ်ကလည်းဘာမဟုတ်နဲ့ ခက်လိုက်တာက. . . . (မှန်ပါ့ဘုရား)။

www.dhammadownload.com



ကဲ. . . ဒကာကြွယ် ဒါဖြင့် ခင်ဗျားတို့ အခုလုပ်လို့ရှိရင်လည်း သဒ္ဓါသည် ဣန္ဒြေထိုက်အောင်လုပ်ပါ . . . (မှန်ပါ့ဘုရား)။

## ဘုရားရှိရှိမရှိရှိရတယ်

ဣန္ဒြေထိုက်ပြီး ဘာထိုက်အောင်လုပ်ရမလဲ. . . (ဗိုလ်ထိုက်အောင် လုပ်ရပါမယ်) မရမရှိဘူး၊ ဒီလိုသာ ထိုက်အောင်လုပ်၊ အကုန်ရ. . . (မှန်ပါ့) ဘုရားရှိရှိ-မရှိရှိ ရတယ်. . . (မှန်ပါ့) ရှင်း ပလား . . . (ရှင်းပါပြီဘုရား)။

ဘုရားရှိလည်း ဒီကိလေသာသတ်တာပဲ. . . (မှန်ပါ့) ဘုရားမရှိတော့ကော. . . (ကိလေသာသတ်တာပါဘုရား) ကိလေသာသတ်တဲ့အလုပ် လုပ်တာပဲ (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဘုရားမရှိသော်လည်း ဒီကိလေသာ ပဋိစ္စသမုပ္ပာဒ် ပြတ်အောင် လုပ်ဖို့ပဲ. . . (မှန်ပါ့) ဘုရားရှိလည်း. . . (ကိလေသာ ပဋိစ္စသမုပ္ပာဒ် ပြတ်ဖို့ပါပဲဘုရား)။

## သီဟိုဠ်ကျွန်းမှာကျွတ်တာတွေ

ဒါကြောင့် ဘုရားရှိတုန်းကျွတ်တာနဲ့ ဘုရားမရှိမှကျွတ်တာနဲ့ ဘုရားမရှိတဲ့နောက်မှာ သီဟိုဠ်ကျွန်းမှာ ကျွတ်လိုက်တာတွေ. . . (မှန်ပါ့ဘုရား)။

www.dhammadownload.com



## ဓမ္မာသောကမင်းလက်ထက်မှာ

အိန္ဒိယထဲမှာ ဓမ္မာသောက လက်ထက်မှာ ကျွတ်လိုက်တာတွေ စပါးလှန်းလို့တောင်မရအောင် ကောင်းကင်မှာ ရဟန္တာတွေ. . . (မှန်ပါ့ဘုရား)။

ဒါတွေဘယ့်နှယ်ကြောင့် ကျွတ်ပါလိမ့် ဒကာသစ်ရေ . . . ဘုရားမရှိဘဲနဲ့ ကျွတ်တာ . . . (မှန်ပါ့) ကြွန္တြီရင့်လို့ ကျွတ်တာ (မှန်ပါ့) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ဘာဖြစ်လို့ပါလိမ့် . . . (ကြွန္တြီရင့်လို့ ကျွတ်တာပါ) နို့ . . . ခင်ဗျားတို့ ကြွန္တြီရင့်တယ်ဆိုတာ သူများက လုပ်ပေးရတာလား . . . ကိုယ့်ဟာကိုယ် ဝီရိယတိုးတိုး - တိုးတိုးသွားရတာလား (ကိုယ့်ဟာကိုယ် ဝီရိယတိုးသွားတာပါ) ဒါဖြင့် ဘုရားနဲ့ မဆိုင်ဘူးခင်ဗျားတို့ . . . (မှန်ပါ့ဘုရား)။

အစ, နည်းပေးမှာ ဘုရားနည်းကိုယူ . . . (မှန်ပါ့) နောက် အလုပ်ခွင် ခရီးပေါက်မှုမှာ ကိုယ့်တာဝန်လုပ် . . . (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာသစ်ရေ ဘုန်းကြီးကတော့ဖြင့် ဘုရားဒေသနာတော်တွေ ဘုရားမရှိသည့်နောက် ဒါတွေ ဆရာတွေပဲ ကွလို့ ဘုရားကဟောတော်မူခဲ့လို့ ဘုရားဟောသလို ဟောနေရတာ (မှန်ပါ့ဘုရား)။

www.dhammadownload.com



ခင်ဗျားတို့က ဣန္ဒြေရင့်ဖို့ကျတော့ ဟောလို့ ရင့်မှာလား လုပ်မှ ရင့်မှာလား . . . (လုပ်မှရင့်မှာပါ) ဒကာကြွယ်, ရေ . . . သဘောပါပလား . . . (ပါပါပြီဘုရား)။

ဘယ်လိုမှ ရင့်မှာတုံး . . . (လုပ်မှ ရင့်မှာပါ) ဒါဖြင့် ဒီလိုလုပ်ပါ ခင်ဗျားတို့ သဒ္ဓါသည်၊ သဒ္ဓါတရားသည်ပေါ့ဗျာ . . . (မှန်ပါ့) ရှိုးရှိုးနဲ့မလုပ်နဲ့ ဣန္ဒြေထိုက်အောင်လုပ်ပါ (မှန်ပါ့)။

ဣန္ဒြေထိုက်အောင် လုပ်ပါဆိုတော့ သူက ဣန္ဒြေဆိုတာ ကြီးစိုးတယ် (မှန်ပါ့) အလုပ်လုပ်နေတဲ့ အထဲမှာ မဂ္ဂင်ထဲမှာ သူကကြီးစိုးတယ် . . . (မှန်ပါ့) ကြီးစိုးလာတော့ ဒို့ပြင် ဘေးက ကိစ္စ၊ ဝိစ္စတွေကို သူက အကုန်ဖယ်ထုတ်တယ် (မှန်ပါ့)။

## သဒ္ဓိန္ဒြေထိုက်ပြီဆိုရင်

ဒါဖြင့် သူက ဖယ်ထုတ်တယ် ဆိုကတည်းက ဘာထိုက်ပြီဆိုတာ ခင်ဗျားတို့ ရိပ်မိပြီ၊ သဒ္ဓိန္ဒြေထိုက်ပြီ . . . (မှန်ပါ့) ရိပ်မိ ပလား . . . (ရိပ်မိပါပြီဘုရား)။

သဒ္ဓိန္ဒြေထိုက်ပြီဆိုလို့ရှိရင် အို . . . နေရာကျပြီ၊ တော်တော့ကိစ္စတွေကို ငါပယ်နိုင်ပြီ ။ (မှန်ပါ့) သူတက်လာတယ် . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

www.dhammadownload.com



## ဗိုလ်ထိုက်ပြီဆိုရင်

ကဲ . . . ဒါလောက်နဲ့လည်း မရသေးဘူးတဲ့၊ တို့ဆရာဘုန်းကြီးကလည်း ဟောတယ်၊ ဘုရားဟောတော်မူတာနဲ့ ဗိုလ်ထိုက်အောင် လုပ်ရဦးမယ် . . . (မှန်ပါ့)။

ဗိုလ်ထိုက်အောင် လုပ်ရဦးမယ်ဆိုတော့ ပိုမိုပြီး သကာလ ဖြစ်ပျက်တွေကို အရင်ထက်မြင်အောင် ကြည့်တာပေါ့ဗျာ . . . (မှန်ပါ့) မနေမနားကလေး ကြည့်ပေးလိုက်ပါ . . . (မှန်ပါ့)။

ကြည့်ပေးလိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် ဘုရားအပေါ်၌ ယုံကြည်မှု၊ တရားဆိုတဲ့ သစ္စာအပေါ်၌ ယုံကြည်မှုတွေ မလာဘူးလား . . . (လာပါတယ်ဘုရား)။

## ဒုက္ခသစ္စာတွေ ပျောက်သွားတယ်

အဲ . . . သူက ကေ့န်ဒုက္ခသစ္စာပဲလို့ သဒ္ဓိန္ဒြေက ဆုံးဖြတ်ချက်ချလိုက်တယ် . . . (မှန်ပါ့) ချသည်နဲ့ တစ်ပြိုင်နက်တည်း သူလဲ ဆုံးဖြတ်ချက်ချလိုက်ရော ဒုက္ခသစ္စာတွေ ပျောက်သွားတယ် (မှန်ပါ့) ဟိုဘက်က နိဗ္ဗာန်တစ်ခါတည်းပေါ်တာပဲ . . . (ပေါ်ပါတယ်) ဒုက္ခက နိဗ္ဗာန်ဖုံးထားတယ် . . . (မှန်ပါ့ဘုရား)။

ကဲ. . . သူလည်း ဗိုလ်ဖြစ်ပါရော ကေန် ဒုက္ခသစ္စာပဲလို့လဲ သဒ္ဓိန္ဒြေက ဆုံးဖြတ်ချက်ချပါရော ဒကာဒကာမတို့

www.dhammadownload.com



ဒုက္ခသစ္စာ တွေ ဘာဖြစ်သွားသတုံး . . .(ပျောက်သွားပါတယ် ဘုရား)။

## နိဗ္ဗာန်ပေါ်လာတယ်

ဘာပေါ်လာသတုံး. . . (နိဗ္ဗာန်ပေါ်လာပါတယ်) ဟော နိရောဓသစ္စာပေါ်လာတယ် . . . (မှန်ပါ့) သူ ဗိုလ်ဖြစ်လာရင် ပေါ်တော့တာပဲ . . . (မှန်ပါ့ဘုရား)။

ဟ . . . ဒါဖြင့် တို့ တည်းတည်း ကျန်ပါတော့လား . . . (မှန်ပါ့) ဆုံးဖြတ်ချက်ချပလား . . . (ချပါပြီဘုရား)။

ဦးမာဒင် ဘယ်လိုဆုံးဖြတ်ချက်ချသလဲ . . . (တည်းတည်း ကျန်ပါတော့တယ်) ဟာ . . . တည်းတည်းဖြင့် ပြီးအောင်လုပ်မယ် . . . (မှန်ပါ့)။

ဒကာကြွယ် ဘယ့်နှယ်ဆုံးဖြတ်မလဲ . . . (တည်းတည်းဖြင့် ပြီးအောင်လုပ်ရပါမယ်ဘုရား)။

## တို့တည်းတည်းလေးကျန်တော့တယ်

တည်းတည်းကလေး ကျန်တော့တယ်ကွ၊ မင်းဟာ ရှေ့တစ်ခုန်လောက်သာ ကျန်တော့တယ်ဆိုတော့ ဒကာသစ် ဘယ့်နှယ် လုပ်မယ် . . . (ပြီးအောင်လုပ်ပါမယ်) အားကုန် ထုတ်လိုက်ပါလားဗျ . . . (မှန်ပါ့) အားကုန်ထုတ်လိုက်ရင် မရောက်ပေဘူးလား . . . (ရောက်ပါတယ်ဘုရား)။

www.dhammadownload.com



အဲဒါကြောင့် ယနေ့ဟောတဲ့ တရားမှာဖြင့် တိုက်တွန်းလုံးကိုလည်း ခင်ဗျားတို့က ပါတယ်လို့ ထင်လိမ့်မယ် . . .၊ မဟုတ်ဘူး ခင်ဗျားတို့ ဉာဏ်ရင့်တာကို ပြောတာ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သဒ္ဓါက သဒ္ဓါရိုးရိုး တစ်မျိုး၊ ကြွန္ဓေထိုက်တဲ့သဒ္ဓါက . . . (တစ်မျိုးပါ) ဗိုလ်ထိုက်တဲ့ သဒ္ဓါက . . (တစ်မျိုးပါဘုရား)။

## ပညာကလည်းသုံးမျိုး

ပညာကလဲ ပညာရိုးရိုးတစ်မျိုး . . (မှန်ပါ့) ကြွန္ဓေထိုက်တဲ့ ပညာ . . . (တစ်မျိုးပါ) ဗိုလ်ထိုက်တဲ့ပညာ . . . (တစ်မျိုးပါ) အဲဒါတွေက တစ်ပြိုင်နက် တက်လို့ရှိရင် ရတယ် (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဝေးသလား . . .၊ နီးသလား. . . (နီးပါတယ်ဘုရား)။

## မရင့်သေးလို့ မရသေးတာ

နီးလျက်နဲ့ ကျုပ်တို့ ဘာဖြစ်လို့ မရသေးပါလိမ့်မတုံးဆိုတော့ မရင့်သေးလို့ (မှန်ပါ့) မရင့်တာက ဖျင်းလို့ ပျင်းလို့ (မှန်ပါ့) ရိပ်မိပလား . . .(ရိပ်မိပါပြီဘုရား)။

www.dhammadownload.com



မရင့်တာက ဘယ်လိုပါလိမ့် . . . (ဖျင်းလို့, ပျင်းလို့ပါဘုရား) အဲဒါဖြင့် အဖျင်းနဲ့အပျင်း ထုတ်လိုက်ရင် . . . (ရပါတယ်) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

## ရင့်ရင်ကိစ္စပြီးပေါ့လို့ ဆုံးဖြတ်

ဒါဖြင့် အဖျင်းနဲ့ အပျင်းဖြုတ်ပစ်လို့ရှိရင် ဣန္ဒြေထိုက်ပြီး ဗိုလ်အဖြစ်သို့ ရောက်ပါလိမ့်မယ် . . . (မှန်ပါ) ရောက်သည်နဲ့ တစ်ပြိုင်နက်တည်း ကိစ္စပြီးပေါ့လို့ဆုံးဖြတ်ချက်ချ . . . (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကဲ . . . ယနေ့ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု။

www.dhammadownload.com

www.dhammadownload.com